# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၃၄၉)၊ ၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက်၊ ၂၁-၁၁-၂၀၂၅၊ သောကြာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

**၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားကျင်းပ**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တက်ရောက်ချီးမြှင့်ပေးအပ်

နေပြည်တော် နိုဝင်ဘာ ၂၀

၂၀၂၄ ခုနှစ် အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန -၁ ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်၍ စာပေဆုများပေးအပ်ချီးမြှင့်သည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့် ဇနီး၊ ကော်မရှင် အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့် ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စု အဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ စာပေဆုစိစစ်ရွေးချယ်ရေးကော်မတီဝင် ဆရာကြီး ဆရာမကြီးများ၊ ဆုရပုဂ္ဂိုလ်များ၊ စာပေပညာရှင်များ၊ အနုပညာရှင်များ၊ စာပေဝါသနာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။


စာမျက်နှာ ၃ သို့ ★





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ၂၀၂၄ ခုနှစ် အမျိုးသား စာပေတစ်သက်တာဆုရ စာပေပညာရှင် ဆရာကြီး ဦးသန်းညွန့် (ဇင်မင်း-သမိန်ထော)အား ဂုဏ်ပြုမှတ်တမ်းလွှာ၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် အထူးဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်စဉ်။

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

နေပြည်တော် နိုဝင်ဘာ ၂၀

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး၊ နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာဖွယ်ရာရှိပါသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **မိုး/ဇလ**

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၂၁ ရက်၊ သောကြာနေ့။
မန္တလေး နေ့စဉ်

# စာပေထွန်းပေါ် လနတ်တော်

မြန်မာ့ဆယ့်နှစ်လတွင် ကိုးလမြောက်သည် နတ်တော်လဖြစ်သည်။ စာဆိုတော်ပွဲ ဆင်နွှဲကျင်းပသည့်လလည်းဖြစ်သည်။ မြန်မာတို့၏ ဆယ့်နှစ်လရာသီသည် လအလိုက်ပွဲတော်များဖြင့် ကြွယ်ဝပြည့်စုံသည်။ ထိုပွဲတော်များကို လေ့လာလျှင် ကာသိုလ်လည်းရပျော်စရာလည်းကောင်းလှသည်။ ယခုလသည် နတ်တော်လဖြစ်သည်။ နတ်တော်လ၏ ရာသီပန်းသည် သဇင်နှင့် ဂမုန်းဖြစ်သည်။ ပန်းပျံပင်ဆင့်ဟူ၍ စာဖွဲ့ရသောသဇင်ပန်းသည် ပင်မြင့်ထက်တွင်ပွင့်သောပန်းဖြစ်သကဲ့သို့ ဂမုန်းသည်လည်း သစ်ပင်ကြီးများအပေါ်ကိုင်းခွထက်၌ ပေါက်ရောက်သည်။

သဇင်ပန်းသည်ကား ရှေးစာဆိုတို့ တခမ်းတနား စာဖွဲ့ရသောပန်းဖြစ်သည်။ နန်းထိုက်တော်ဝင်ပန်းသဇင်ဟု တင်စားလောက်အောင် မြင့်မြတ်လှသည်။ ရကန်ရေးဖွဲ့သူ ဦးတိုး၏ သဇင်ကိုဖွဲ့ဆိုသော ဘုန်းနှင့်ကံနှင့်ရွှေသဇင်ကဗျာသည် ယနေ့တိုင် နှစ်သက်ဖွယ်ဖြစ်သည်။ နတ်တော်လတွင် စာဆိုတော်များကို ဂုဏ်ပြုချီးမြှင့်ခြင်းသည်လည်း ထင်ရှားလှသည်။ နတ်တော်လသည် ဆောင်းရာသီလဖြစ်သည့်အတိုင်း ပတ်ဝန်းကျင်တွင် နှင်းမြူများရစ်ဆိုင်းနေသဖြင့် အေးမြခြင်းအထိအတွေ့ကို ခံစားရသည်။

ရှေးအခါက နတ်တော်လတွင် နတ်ပူဇော်ပွဲကျင်းပသည်။ နတ်တော်ဟူသည် နတ်မြတ်နတ်အကြီးအကဲဟု အဓိပ္ပာယ်ရကြောင်းသိရှိရသည်။ ပုပ္ပားတောင်တွင် စံမြန်းနေသော မဟာဂီရိနတ်မောင်နှမကို ပူဇော်ပသသည့် အစဉ်အလာရှိခဲ့သည်။ နတ်တော်လသည် ဓနုရာသီဖြစ်သည်။ လေးကိုင်စွဲထားသော ယောက်ျားရုပ်ဖြင့်သတ်မှတ်သော ရာသီဟုဖွင့်ဆိုသည်။ နတ်တော်လတွင် လနှင့်ယှဉ်သော စန်းယှဉ်နက္ခတ်မှာ မိဂသီနက္ခတ်ဖြစ်သည်။ နတ်တော်လဘွဲ့ ကဗျာစာပေများတွင် ထိုအချက်များကို ထည့်သွင်းဖွဲ့ဆိုလေ့ရှိပေသည်။ လနတ်တော်မုန့်ဆန်းလှော်ဆိုသည့်အတိုင်း မုန့်ဆန်းလှော်ထောင်းပြီး တပျော်တပါး စားကြသည်မှာလည်း နတ်တော်လတွင်ဆင်နွှဲသည့် အလေ့အထဖြစ်သည်။ နတ်တော်လတွင် ရှာတတ်သောမိုးကို ဆင်ရာတိမ်မိုးဟုခေါ်ကြသည်။ ဆင်ခြေရာတိမ်တိမ် ကလေးသာထင်ရုံ အနည်းအကျဉ်းမျှရွာသော မိုးဖြစ်သည့်အတွက် ဆင်ရာတိမ်မိုးဟုခေါ်ခြင်းဖြစ်သည်။

နတ်တော်ရောက်ပြား၊ မိုးသားမငြိမ် ဆင်ရာတိမ်ဟူ၍လည်း စာဖွဲ့ကြသည်။ ရှေးမြန်မာမင်းလက်ထက်က နတ်တော်လတွင် စာဆိုတော်များအပါအဝင် မင်းမှုထမ်းများကို ဘွဲ့ထူးဂုဏ်ထူးများ ချီးမြှင့်သည့် အစဉ်အလာရှိသည်။ ကိုလိုနီခေတ်သို့ရောက်သောအခါ စာရေးဆရာအသင်း ပေါ်ပေါက်လာသည်နှင့်အတူ နတ်တော်လဆန်း ၁ ရက်နေ့ကို စာဆိုတော်နေ့အဖြစ် သတ်မှတ်ခဲ့သည်။ ယခုအခါ နိုင်ငံတော်က စာဆိုတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန် စာမူဆုချီးမြှင့်ပွဲကို နိုဝင်ဘာ ၂၀ ရက် နတ်တော်လဆန်း ၁ ရက်နေ့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-ကွန်ဗင်းရှင်းဗဟိုဌာန(၁)၌ ကျင်းပခဲ့သည်။

သို့ဖြစ်ရာ စာပေသည် လူသားတို့အတွက်၊ နိုင်ငံတစ်နိုင်ငံအတွက် အဓိက အခန်းကဏ္ဍမှာရှိနေသည်။ စာပေမြင့်မှ လူမျိုးတင့်မည် ဆိုစကားအတိုင်း စာပေကို ချီးမြှောက်နေကြခြင်းဖြစ်သည့်အတွက် စာပေထွန်းပေါ် လနတ်တော်ဟုသတ်မှတ်ခဲ့သည်။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးအတွက် ကိုယ့်လူမျိုး၏ သမိုင်းကြောင်းကို လူငယ်တိုင်းသိရှိကြဖို့လိုအပ်ပြီး စာပေကို ဖတ်ရှုလေ့လာရန်လည်း လိုအပ်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်တက်ရောက်မည့် ကျောင်းသား၊ ကျောင်းသူများ ကြိုတင်ဆန္ဒမဲပေးခြင်း ဆောင်ရွက်

**မြို့သစ် နိုဝင်ဘာ ၂၀**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်အသီးသီးသို့ တက်ရောက်ကြမည့် ကျောင်းသား၊ ကျောင်းသူများ ကြိုတင်ဆန္ဒမဲပေးခြင်းကို နိုဝင်ဘာ ၁၇ ရက် နံနက်ပိုင်းကစတင်၍ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၊ ရတနာခန်းမတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကြိုတင်ဆန္ဒမဲပေးခြင်းဆောင်ရွက်ရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကျေးကော်မရှင်အဖွဲ့ခွဲဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများပူးပေါင်း၍ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ ကြိုတင်ဆန္ဒမဲပေးရာတွင် အဆင်ပြေချောမွေ့စေရေး ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပြီး ကြိုတင်ဆန္ဒမဲပေးခြင်းကို နိုဝင်ဘာ ၁၇ ရက်မှ ၂၁ ရက်အထိ လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

**ဝင်းအိစွန်(မြန်/ဆက်)**

၀-၀-၀-၀-၀

၀-၀-၀-၀

## Robusta ကော်ဖီအား ပြည်ပနိုင်ငံများက ဝယ်ယူရန် ပိုမိုစိတ်ဝင်စားလာ

**မန္တလေး နိုဝင်ဘာ ၂၀**

မြန်မာနိုင်ငံအတွင်း စိုက်ပျိုးသော မြေနိမ့်ကော်ဖီအမျိုးအစားဖြစ်သည့် Robusta ကော်ဖီအား ပြည်ပနိုင်ငံများက ဝယ်ယူရန် ပိုမိုစိတ်ဝင်စားလျက်ရှိကြောင်း ကော်ဖီစိုက်ပျိုးသူများထံမှ သိရသည်။

Robusta ကော်ဖီမှာ ပုံမှန်ကော်ဖီနှစ်ခွက်တွင်ပါဝင်သော ကဖိန်းပမာဏမှာ ၄င်းကော်ဖီတစ်ခွက်တွင်ပါဝင်ကြောင်း၊ ကော်ဖီသောက်သုံးမှုကို များများသောက်သုံးရန်မလိုအပ်ဘဲ နည်းနည်းဖြင့်သာ သောက်သုံးနေကျ ကော်ဖီပမာဏကိုရရှိစေနိုင်ကြောင်းနှင့် ကော်ဖီသောက်သုံးသည့်ခွက်ရေပမာဏကို လျှော့ချနိုင်ရန်အတွက် သောက်သုံးမှုများပြုလုပ်လာခြင်းကြောင့် စိတ်ဝင်စားမှုမြင့်တက်လာခြင်းဖြစ်သည်။

Robusta ကော်ဖီစေ့တွင် Chlorogenic Acid နှင့် ဓာတ်တိုးဆန့်ကျင်ဓာတ်(antioxidants)များမှာ ပုံမှန်ကော်ဖီများထက်ပိုမိုပါဝင်ကြောင်း၊ ကျန်းမာရေးအတွက် အထောက်အကူဖြစ်စေသော Chlorogenic Acid ဓာတ်မှာ သွေးပေါင်ချိန်ကို ထိန်းညှိလျော့နည်းစေခြင်း၊ ကိုယ်ခန္ဓာဇီဝကမ္မဖြစ်စဉ်များကို တိုးတက်ကောင်းမွန်စေသည်။

လက်ရှိတွင် နိုင်ငံတော်အစိုးရအနေဖြင့် ကော်ဖီစိုက်ပျိုးထုတ်လုပ်ရန်အတွက် မြေလွတ်မြေရိုင်းများ အများအပြားဖော်ထုတ်ပေးခြင်းတို့ကို လုပ်ဆောင်ပေးစေလိုကြောင်း ကော်ဖီစိုက်ပျိုးသူများထံက သိရသည်။

လက်ရှိတွင် မြန်မာ့ကော်ဖီအား တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံသို့ အဓိကတင်ပို့ရောင်းချနေပြီး ဝယ်လိုအားကောင်းမွန်သည့် ဈေးကွက်တစ်ခုအဖြစ် ရပ်တည်လျက်ရှိကြောင်း၊ ထို့အတွက် မြေလွတ်မြေရိုင်းများနှင့် စိုက်ပျိုးမြေဧကများ ချထားပေးလျက်ရှိသော်လည်း ယခုထက်ပိုမိုချထားပေးစေလိုကြောင်း၊ ကော်ဖီစိုက်ခင်းများမှာ မြေဧက ငါးဆယ်အထက် ချထားပေးမှသာလျှင် စီးပွားဖြစ်စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း ကော်ဖီစိုက်ပျိုး ထုတ်လုပ်သူများထံက သိရသည်။

**(မန္တလေးနေ့စဉ်-၈)**

၀-၀-၀-၀-၀

၀-၀-၀-၀

## ခုနှစ်လအတွင်း ပြည်ပသို့ ဆန်၊ ဆန်ကွဲတင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၅၀၀ နီးပါးရရှိ

**မန္တလေး နိုဝင်ဘာ ၂၀**

ယခုဘဏ္ဍာနှစ်၏ ခုနစ်လတာကာလအတွင်း ပြည်ပသို့ ဆန်၊ ဆန်ကွဲတင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၅၀၀ နီးပါးရရှိခဲ့ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။

၂၀၂၅-၂၀၂၆ ဧပြီလမှ အောက်တိုဘာလအထိ ဆန်နှင့်ဆန်ကွဲတန်ချိန် တစ်သန်းခွဲကျော် တင်ပို့ထားပြီး ယင်းမှ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၄၉၉ သန်း ရရှိခဲ့သည်။

ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတင်ပို့ရာတွင် ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှတစ်ဆင့် တင်ပို့ခြင်းဖြစ်ကာ ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အများဆုံးတင်ပို့ခြင်းဖြစ်သည်။

ဆန်နှင့်ဆန်ကွဲတင်ပို့မှုအနေဖြင့် ဧပြီတွင် တန်ချိန် ၁၄၂,၇၈၈ တန်၊ မေတွင် တန်ချိန် ၂၅၉,၅၀၁ တန်၊ ဇွန်တွင် တန်ချိန် ၂၁၂,၄၁၆ တန်၊ ဇူလိုင်တွင် ၂၃၀,၆၇၂တန်၊ ဩဂုတ်တွင် ၁၉၂,၉၈၅တန်၊ စက်တင်ဘာတွင် ၁၆၈,၀၄၆တန်၊ အောက်တိုဘာတွင် တန်ချိန် သုံးသိန်းတစ်သောင်းကျော် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

**ရွှေမန်း**

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး နိုဝင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်၊ တက္ကသိုလ်ရပ်ကွက်၊ ၇၃ လမ်းနှင့် ၄၃ လမ်းထောင့်၊ တက္ကသိုလ်လေ့ကျင့်ရေးရှေ့တွင် ရောင်းချပေးခဲ့သည်။ **(အောက်ပုံ)**




သက်သာဈေးရောင်းချမည့် အစီအစဉ်များကို နိုဝင်ဘာ၂၁ရက်တွင် အောင်မြေသာစံမြို့နယ်၊ မြန်မာ့စီးပွားရေးဘဏ်(၂)၊ ၈၂ လမ်းနှင့် ၂၄လမ်းထောင့်နှင့် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားတို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှု အစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေနှင့် တာဝန်ရှိသူများ၊ ဈေးနှင့် သားသတ်ဌာနဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၁၀၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

★ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် ၂၀၂၄ ခုနှစ် အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသား စာပေဆုနှင့် စာပေဗိမာန် စာမူဆု ရရှိကြသူများ၏ အတ္ထုပ္ပတ္တိ၊ ဓာတ်ပုံ၊ ဆုရစာအုပ်များ၊ စာအုပ်စာစောင်နှင့် စာပေဆိုင်ရာပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် အခမ်းအနားကို စတင်ကျင်းပရာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင် ဝန်ထမ်းများ၏ **"ဘဝအလင်းရောင် စာပေတန်ဆောင်"** ပြဇာတ်ဖြင့် ဖျော်ဖြေတင်ဆက်မှုနှင့် **"စာပေအလင်း အမှောင်ခွင်း မြန်မာစာပေအစ ကျေးဇူးတရားက"** မှတ်တမ်း Video Clip ကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံတွင် နှစ်စဉ်နှစ်တိုင်း နတ်တော်လဆန်း ၁ ရက်ကို စာဆိုတော်နေ့အဖြစ် သတ်မှတ်ပြီး အသိဉာဏ်ပညာနှင့် ဗဟုသုတအဖြာဖြာ တိုးပွားရာ တိုးပွားကြောင်း ပေးစွမ်းသည့် စာအုပ်စာပေများကို ပြုစုရေးသားအားထုတ်ကြသည့် စာဆိုတော်ကြီးများကို ဂုဏ်ပြုချီးမြှင့်သည့် စာပေအခမ်းအနားများ၊ စာပေဟောပြောပွဲများကို မြိုင်မြိုင်ဆိုင်ဆိုင် ကျင်းပလေ့ရှိကြကြောင်း။

နိုင်ငံနှင့် အများပြည်သူတို့၏ ကောင်းကျိုးအဖြာဖြာကိုကလောင်စွမ်းအားဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့်စာပေပညာရှင်ကြီးများ၊ စာဆိုတော်ကြီးများ၏ စာပေဂုဏ်ကျေးဇူးကို လေးမြတ်ဂုဏ်ပြုလျက် စာဆိုတော်နေ့အခမ်းအနားကို မြန်မာ့ယဉ်ကျေးမှုအစဉ်အလာတစ်ခုအဖြစ် ၁၉၄၄ ခုနှစ်မှ စတင်ပြီး ကျင်းပလာကြသည်မှာ နှစ်ပေါင်း ၈၀ ကျော်ကြာခဲ့ပြီဖြစ်ကြောင်း။

**"အလိမ္မာစာမှာရှိ"** ဆိုသည့် စကားအတိုင်း လူသားများအတွက် အသိပညာနှင့် အလိမ္မာပညာကို စာပေကပေးပါကြောင်း၊ စာပေကပေးသည့် အသိပညာနှင့် အလိမ္မာကို အခြေခံပြီး လူ့ပတ်ဝန်းကျင် အဆောက်အအုံကြီးကြီးထွား စည်ပင်လာခြင်းလည်း ဖြစ်ကြောင်း၊ ထို့ကြောင့် စာပေသည် အလေးအမြတ်ထားအပ်သည့် ဂုဏ်ကျေးဇူးရှိပြီး စာပေများကို ပြုစုကြသည့် စာဆိုတော်ကြီးများ၏ ကြီးမားလှသည့် ဂုဏ်ကျေးဇူးများကို လေးစားဂုဏ်ပြုသည့်အနေဖြင့် စာဆိုတော်နေ့အခမ်းအနားကို ကျင်းပပြုလုပ်ကာ ဂုဏ်ပြုပူဇော်ကြခြင်းပင်ဖြစ်ကြောင်း။

နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ပုဒ်သုံးခု ချမှတ်ထားရာတွင် **"နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့"** ဟူသည့်အချက်လည်း ပါဝင်ကြောင်း၊ ပညာရေးတွင်အသိပညာ၊ အတတ်ပညာနှင့် အတန်းပညာမြင့်မားရေး အားလုံးအကျုံးဝင်ကြောင်း၊ ပညာရေး၏ အခြေခံ အကျဆုံးသည်စာပေဖြစ်ပြီး စာပေကပင် ပညာကိုပေးစွမ်းခြင်းဖြစ်ကြောင်း။

ထို့ကြောင့်လည်း တိုးတက်သည့် နိုင်ငံတိုင်းက စာပေကို အလေးထားပြီး စာကောင်းပေမွန်များ ရေးသားပြုစုသူ စာပေပညာရှင်များကို ချီးမြှောက်ဂုဏ်ပြုကြကြောင်း၊ လွတ်လပ်ရေး ကြိုးပမ်းမှုကာလတွင် ပြည်သူကို မျိုးချစ်စိတ်ရှင်သန်စေခဲ့သကဲ့သို့ လွတ်လပ်ရေးရပြီးစ နိုင်ငံတော်ကို ပြန်လည်ထူထောင်သည့် ကာလတွင်လည်း အသိအမြင် တိုးပွားစရာ သုတစာပေများ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ၂၀၂၄ ခုနှစ် အမျိုးသားစာပေတစ်သက်တာဆုရ စာပေပညာရှင်ဆရာကြီး ဦးကိုကို(ကို-တက္ကသိုလ်) အား ဂုဏ်ပြုမှတ်တမ်းလွှာ၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် အထူးဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ၂၀၂၄ ခုနှစ် အမျိုးသားစာပေတစ်သက်တာဆုရ စာပေပညာရှင်ဆရာမကြီး ဒေါ်တင်ရီ (တင်ရီမ-ညောင်ဦး)အား ဂုဏ်ပြုမှတ်တမ်းလွှာ၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် အထူးဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ၂၀၂၄ ခုနှစ် အမျိုးသားစာပေတစ်သက်တာဆုရ စာပေပညာရှင်ဆရာမကြီး ဒေါက်တာ ဒေါ်ပို (မလေးပို)အား ဂုဏ်ပြုမှတ်တမ်းလွှာ၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် အထူးဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ၂၀၂၄ ခုနှစ် အမျိုးသားစာပေတစ်သက်တာဆုရ စာပေပညာရှင်ဆရာမကြီး ဒေါက်တာ ဒေါ်ခင်သန်းဦး(မမိုးမြေ)အား ဂုဏ်ပြုမှတ်တမ်းလွှာ၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် အထူးဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်စဉ်။

ခေတ်နှင့်အညီ ပေါ်ထွက်လာခဲ့ပါကြောင်း၊ အလုပ်သမား လယ်သမား အကျိုးပြုစာပေများ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အားပေးသည့်စာပေများထွက်ပေါ်ခဲ့သကဲ့သို့ နိုင်ငံတော်အစိုးရက ချီးမြှင့်သည့် စာပေဗိမာန်ဆု၊ အနုပညာစာပေဆိုင်ရာဆု၊ အမျိုးသားစာပေဆု၊ ပုဂ္ဂလိက အဖွဲ့အစည်းများက ချီးမြှင့်သည့် စာပေဆုများ၊ စာပေပြိုင်ပွဲများ၊ စာရေးဆရာ အသင်းအဖွဲ့များနှင့် မြန်မာနိုင်ငံ စာပေလုပ်သားအဖွဲ့ စသည်များကလည်း စာပေဖွံ့ဖြိုးရေးကို အထောက်အကူပြုသည့် နောက်ခံများဖြစ်ခဲ့ကြကြောင်း။ စာမျက်နှာ ၄ သို့ ☆






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်များ၏ "ဝထကလသ" တေးသီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

- ❒ မြန်မာစာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာ တစ်သက်တာလုံး အားထုတ်ရေးသားပြုစုခဲ့သည့် ပုဂ္ဂိုလ်များ၏ ဆောင်ရွက်ချက်များကို နိုင်ငံတော်က အသိအမှတ်ပြုသည့် အနေဖြင့် "အမျိုးသားစာပေ တစ်သက်တာဆု"ကို ၂၀၀၁ ခုနှစ်မှစပြီး နှစ်စဉ် ချီးမြှင့်ပေးအပ်ခဲ့
- ❒ ယခင်နှစ်အထိ စာပေပညာရှင်ကြီး ၄၈ ဦးကို အမျိုးသားစာပေ တစ်သက်တာဆု ချီးမြှင့်ခဲ့ပြီးဖြစ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ရရှိကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

✰ စာမျက်နှာ ၃ မှ

နိုင်ငံတော် အစိုးရအနေဖြင့် နိုင်ငံနှင့်ပြည်သူများ၏ကောင်းကျိုးကို ရှေးရှုသည့် ခေတ်မီအသိပညာ၊ အတတ်ပညာများကို ဖြန့်ဖြူးပေးသည့် သုတစာပေများ၊ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး ကိုယ့်ယဉ်ကျေးမှု အစဉ်အလာများကို လေးစားမြတ်နိုး တန်ဖိုးထားစိတ်များ ထက်သန်လာအောင် လှုံ့ဆော်ပေးသည့် ရသစာပေများကို အားထုတ်ရေးဖွဲ့ခဲ့ကြသည့် စာဆိုကြီးများ၏ စာကောင်းပေမွန်လက်ရာများကို အမျိုးသားစာပေဆုအဖြစ် ရွေးချယ်ပြီး စာဆိုတော်နေ့ရောက်တိုင်း နှစ်စဉ်ချီးမြှောက်ဂုဏ်ပြုလျက်ရှိကြောင်း၊ ထိုကဲ့သို့ ကောင်းမွန်သည့်အစဉ်အလာကို ၁၉၄၈ ခုနှစ်မှ စတင်ခဲ့ပြီး ယခုဆိုပါက နှစ်ပေါင်း ၇၀ ကျော် ရှိခဲ့ပြီဖြစ်ကြောင်း။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေဆုရရှိသူ ဆရာဇော်မင်းမင်းဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမောင်မောင်အေး ၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေဆု ရရှိသူ ဆရာ ဒေါက်တာမြင့်သန်း(ညောင်လေးပင်)အား ဆုပေးအပ် ချီးမြှင့်စဉ်။

နိုင်ငံတော်၏ လွတ်လပ်ရေးခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ လမ်းညွှန်မှုနှင့် ၁၉၄၇ ခုနှစ် ဩဂုတ်လတွင်မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်းအမည်ဖြင့် စတင်တည်ထောင်ခဲ့သည့် စာပေဗိမာန်သည် တိုင်းရင်းသားပြည်သူများ နိုင်ငံတကာ ဗဟုသုတတိုးပွားရေးအတွက် ဘာသာပြန်စာပေများနှင့် စာအုပ်စာပေများကို ပြုစုထုတ်ဝေရေးလုပ်ငန်းနှင့်အတူ မြန်မာစာပေဖွံ့ဖြိုးရေးအတွက် ၁၉၄၈ ခုနှစ်မှစပြီး "**စာပေဗိမာန်ကာလပေါ်ဝတ္ထုဆု**"ကို ချီးမြှင့်ခဲ့ကြောင်း။

"**စာပေဗိမာန် ကာလပေါ်ဝတ္ထုဆု**" ကို "**စာပေဗိမာန်ဆု**"၊ "**အနုပညာ စာပေဆိုင်ရာဆု**"၊ "**အမျိုးသားစာပေဆု**" စသည်ဖြင့် ဆုအမည် အမျိုးမျိုးပြောင်းလဲခဲ့ပြီး ဆုချီးမြှင့်မည့် ဘာသာရပ်များ၊ ဆုငွေများကိုလည်း တိုးတက်ချီးမြှင့်ခဲ့သည်မှာ ၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေဆုတွင် ဆုချီးမြှင့်မည့်ဘာသာရပ် ၁၉ မျိုးအထိ ရှိလာခဲ့ပြီဖြစ်ကြောင်း။

အကြောင်းအမျိုးမျိုးကြောင့် ပုံနှိပ်ထုတ်ဝေခြင်း မပြုဖြစ်သေးသည့် ကလောင်ရှင်တို့၏လက်ရာကောင်းမွန်သည့် စာမူများကို စာအုပ်ဖြစ်စေရေး အားပေးသည့် ရည်ရွယ်ချက်ဖြင့် "**စာပေဗိမာန်စာမူဆု**"အဖြစ် ချီးမြှင့်ခဲ့သည်မှာ ယခုနှစ်အတွက် ဘာသာရပ် ၁၄ မျိုးကို ရွေးချယ်ဆုချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း။

ထို့အပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် မြန်မာစာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာ တစ်သက်တာလုံး အားထုတ်ရေးသားပြုစုခဲ့သည့် ပုဂ္ဂိုလ်များ၏ဆောင်ရွက်ချက်များကို နိုင်ငံတော်က အသိအမှတ်ပြုသည့်အနေဖြင့် "**အမျိုးသားစာပေတစ်သက်တာဆု**"ကို ၂၀၀၁ ခုနှစ်မှစပြီး နှစ်စဉ် ချီးမြှင့်ပေးအပ်ခဲ့ကြောင်း၊ ယခင်နှစ်အထိ စာပေပညာရှင်ကြီး ၄၈ ဦးကို အမျိုးသားစာပေတစ်သက်တာဆု ချီးမြှင့်ခဲ့ပြီးဖြစ်ကြောင်း။

အမျိုးသား စာပေတစ်သက်တာဆုကို ချီးမြှင့်ရာတွင်လည်း စာပေပညာရှင်ကြီးများကိုအလေးအမြတ်ထားသည့်အနေဖြင့် တစ်နှစ်ထက်တစ်နှစ် အရေအတွက်တိုးပြီး ချီးမြှင့်ရန် ဆောင်ရွက်ခဲ့ကြောင်း၊ ယခုနှစ်တွင် စာပေပညာရှင်ကြီး ငါးဦးအထိ ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ အမျိုးသားစာပေတစ်သက်တာဆု ချီးမြှင့်ခံရသည့် ဆရာဆရာမကြီးတို့အားလုံးသည်လည်း ပညာဂုဏ်ရည်၊ စာပေဂုဏ်ရည်တို့ပြည့်ဝကြပြီး လေးစားဂုဏ်ပြုသင့်ကြသည့် ပုဂ္ဂိုလ်ကြီးများဖြစ်ကြောင်း၊ စာပေပညာရှင်ကြီးများအားလုံးကို အမျိုးသားစာပေ တစ်သက်တာဆုရှင်များအဖြစ် နိုင်ငံတော်က ထိုက်တန်စွာ ချီးမြှောက်ခွင့်ရသည့် အတွက် အတိုင်းမသိ ဂုဏ်ယူဝမ်းမြောက်သည်ကို ပြောကြားလိုကြောင်း။

၂၀၂၄ ခုနှစ်အတွက် ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့သည့် စာအုပ်ပေါင်း ၉၅၉ အုပ်အတွင်းမှ အမျိုးသားစာပေဆု အတွက် သတ်မှတ်ထားသည့် ဘာသာရပ် ၁၉ မျိုးအနက် ဘာသာရပ် ၁၄ မျိုးကို ရွေးချယ်ခဲ့ပြီး စာပေဗိမာန်စာမူဆုတွင် ပြိုင်ပွဲဝင်စာမူ ၂၄၇ စောင်အတွင်းမှ ဘာသာရပ် ၁၄ မျိုးအနက်

စာမျက်နှာ ၅ သို့ »»




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြိုင်ကြိုင်လှနှင့် အခမ်းအနား တက်ရောက်လာကြသူများ၂၀၂၄ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုရရှိကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

»»» စာမျက်နှာ ၄ မှ

ဆုချီးမြှင့်ရန် ထိုက်တန်သည့် စာမူပေါင်း ၃၀ ကို ရွေးချယ်ခဲ့ပြီး ဖြစ်သဖြင့် ယနေ့အခမ်းအနားတွင် ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၏ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပတော့မည်ဖြစ်ကြောင်း၊ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်မှုများကိုလည်း တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်လျက် ရှိသည်ကို အားလုံးအသိပင် ဖြစ်ပါကြောင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး ဆန္ဒမဲပေးနိုင်ရေး နိုင်ငံတော်က ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ ရွေးကောက်ပွဲကို အပိုင်းလိုက် တစ်ဆက်တည်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး အကြောင်းအမျိုးမျိုးကြောင့် ရွေးကောက်ပွဲမပြုလုပ်နိုင်သည့် မြို့နယ်များကိုလည်း ကျင်းပနိုင်သည့်အချိန်တွင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။



အမျိုးသားစာပေ တစ်သက်တာဆုရှင် ဆရာကြီး ဦးကိုကို (ကို-တက္ကသိုလ်) ကျေးဇူးတင်စကားပြောကြားစဉ်။

ထိုသို့ ရွေးကောက်ပွဲကာလ နီးကပ်လာသည်နှင့်အမျှ နိုင်ငံတည်ငြိမ်အေးချမ်းမှုရှိရန်လည်း အဓိကကျကြောင်း၊ နိုင်ငံတော်အစိုးရက နိုင်ငံရေးတည်ငြိမ်ရေးနှင့် ရွေးကောက်ပွဲများ စနစ်တကျ အောင်မြင်အောင် ကျင်းပနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ပြည်သူများ အနေဖြင့်လည်း တိုင်းပြည်၏အလှည့်အပြောင်းဟုဆိုရမည့် ရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အမျိုးသားရေးတာဝန်အဖြစ် ပါဝင်ကူညီပေးကြရန်နှင့် မိမိတို့ နိုင်ငံသားအချင်းချင်း စည်းလုံးညီညွတ်မှု၊ စိတ်ရှည်သည်းခံမှုနှင့် ပိုမိုကောင်းမွန်သည့် အနာဂတ်ကို မြော်တွေးကြိုးပမ်းကြရန်လည်း တိုက်တွန်းလိုကြောင်း။

နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကို အလေးထားပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ရာတွင် ပြည်ထောင်စုကြီး အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ပြည်သူတို့၏ လူမှုစီးပွားဘဝစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးစသည်တို့နှင့်အတူ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ရေးတို့အတွက် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုသည် အလွန်အရေးကြီးကြောင်း၊ မိမိတို့ပြည်သူအားလုံး ဒီမိုကရေစီ အလေ့အထကောင်းများ ရရှိအောင်၊ အသိဉာဏ်ပညာများ ပြည့်ဝအောင်၊ ခေတ်မီ ဗဟုသုတများ ဆည်းပူးနိုင်အောင် **"စာပေ"** ဖြင့် ထိန်းကျောင်းလေ့ကျင့်ပေးရမည်ဖြစ်ကြောင်း။

စာပေသည် လူတို့၏ စိတ်ဓာတ်ကို သိမ်မွေ့စေတတ်သကဲ့သို့ မေတ္တာတရားကိုလည်း ကြီးမားလေးနက်စေပါကြောင်း၊ ထို့အပြင် မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်၊ တာဝန်သိစိတ်တို့ကိုလည်း ပေးစွမ်းနိုင်ပါကြောင်း၊ ယခုကဲ့သို့ တိုင်းပြည်နှင့် လူမျိုးအတွက် ကြီးမားသည့် အကျိုးကျေးဇူးများကို ဆောင်ကြဉ်းပေးသည့် စာပေများကို ဖန်တီးရေးသားကြသည့် စာပေပညာရှင်ကြီးများကို ယနေ့စာဆိုတော်နေ့တွင် ဆုချီးမြှင့်ခွင့်ရသည့်အတွက် အလွန်ဝမ်းမြောက်မိပါကြောင်းကို ထပ်လောင်းပြောကြားလိုကြောင်း၊ ဆက်လက်၍လည်း သမိုင်းစဉ်ဆက် အခြေခိုင်ခဲ့သည့် မိမိတို့၏ မြန်မာစာပေပင်မကြီး လဲကျမသွားစေရေး စုပေါင်းအင်အားဖြင့် ဆက်လက်ပြုစုစောင့်ရှောက်ကြရန် မှာကြားလိုကြောင်း၊ အထူးသဖြင့် တန်ဖိုးမဖြတ်နိုင်သည့် စာပေယဉ်ကျေးမှုများကို နောင်လာနောက်သားမျိုးဆက်တို့အတွက် လက်ဆင့်ကမ်းအမွေအဖြစ် ပေးအပ်နိုင်ကြပြီး ပြောင်းလဲဖွံ့ဖြိုးလာသည့် ခေတ်ကာလများနှင့်အတူ အလျဉ်မပြတ် စီးဆင်းနိုင်သည့် မြန်မာစာပေရေစီးကြောင်း တည်တံ့ခိုင်မြဲအောင် ဆက်လက်ကြိုးပမ်းကြပါစို့ဟု တိုက်တွန်းပြောကြားလိုကြောင်း။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ၂၀၂၄ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုရရှိသူ ဆရာယိမ်းနွဲ့အား ဆုပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း ၂၀၂၄ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုရရှိသူ ဆရာစစ်တွေညိုသန့်အား ဆုပေးအပ်ချီးမြှင့်စဉ်။

ယနေ့ ဆုချီးမြှင့်ခံကြရသည့် စာပေပညာရှင်ကြီးများ အသက်ရှည်ကျန်းမာ ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ကြပြီး အမျိုးဘာသာ သာသနာကောင်းကျိုးကို သယ်ပိုး ဆောင်ရွက်နိုင်သည့်၊ နိုင်ငံ၏ပုံရိပ်ကို မြှင့်တင်ပေးနိုင်သည့် စာကောင်းပေမွန်များကို ဆက်လက် ရေးသားဖွဲ့ဆိုနိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်း အပ်ပါကြောင်း။

ယနေ့ အခမ်းအနားကို တက်ရောက်လာကြသည့် စာပေပညာရှင်ကြီးများ၊ စာပေဆုရရှိသူများ၊ ယခုကဲ့သို့ စာပေဆုများ အောင်မြင်စွာ ချီးမြှင့်နိုင်အောင် မိမိတို့၏ ကိုယ်ပိုင်အချိန်များကို ပေးပြီး အစည်းအဝေးများကို ကျင်းပပြုလုပ်ကာ စာပေစေတနာ အပြည့်အဝဖြင့် ဆောင်ရွက်ပေးခဲ့ကြသည့် အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေး ကော်မတီနှင့် စာပေဗိမာန်စာမူဆု ရွေးချယ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ ပညာရှင်များအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် မြန်မာစာပေလောက ခိုင်မြဲစည်ပင် ဖွံ့ဖြိုးရေးအတွက် ဆက်လက်ပါဝင်ကူညီပေးကြရန် မေတ္တာရပ်ခံအပ်ပါကြောင်း ပြောကြားသည်။

## အထူးဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီးတို့က ၂၀၂၄ ခုနှစ်အမျိုးသားစာပေ တစ်သက်တာဆု ရရှိကြသည့် စာပေပညာရှင် ဆရာကြီးနှင့် ဆရာမကြီးများဖြစ်ကြသည့် ဦးသန်းညွန့် (ဇင်မင်း-သမိန်ထော)၊ ဦးကိုကို(ကို-တက္ကသိုလ်)၊ ဒေါက်တာဒေါ်ပို (မလေးပို)၊ ဒေါ်တင်ရီ (တင်ရီမ-ညောင်ဦး)၊ဒေါက်တာ ဒေါ်ခင်သန်းဦး (မမိုးမြေ) တို့ကို နိုင်ငံတော်မှ ချီးမြှင့်သည့် ဂုဏ်ပြုမှတ်တမ်းလွှာ၊ ဂုဏ်ပြု ချီးမြှင့်ငွေများနှင့် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့က ချီးမြှင့်သည့် အထူးဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီးတို့အား ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနား အထိမ်းအမှတ်ဂုဏ်ပြုလက်ဆောင်အား ဂါရဝပြုပေးအပ်သည်။

ထို့နောက် ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင်အဖွဲ့ဝင်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ဦးသန်းဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်အောင်စန်းနှင့် ဦးမောင်မောင်အုန်းတို့က အမျိုးသားစာပေဆုရရှိသူများနှင့် စာပေဗိမာန်စာမူဆု ရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ အမျိုးသားစာပေတစ်သက်တာဆုရှင် ဆရာကြီး ဦးကိုကို (ကို-တက္ကသိုလ်) က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ယင်းနောက် ပြန်ကြားရေး ဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်များက "ဝထကလသ" တေးသီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်ဇနီးနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊အမျိုးသားစာပေဆုနှင့် စာပေဗိမာန် စာမူဆု ရရှိကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်ဇနီးတို့သည် ၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုရရှိခဲ့ကြသူများ၊ အနုပညာရှင်များ၊ စာပေပညာရှင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အခမ်းအနား အပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီးနှင့် အဖွဲ့ဝင်များသည် ၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုရရှိခဲ့ကြသူများ၊ အနုပညာရှင်များ၊ စာပေပညာရှင်များနှင့်အတူ ဂုဏ်ပြုနေ့လယ်စာကို အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော (၃၁)ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် နိုဝင်ဘာ ၂၀

(၃၁)ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Jasmine Naypyitaw Hotel ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တက်ရောက်အမှာစကားပြောကြားသည်။



နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော (၃၁)ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

အစည်းအဝေးသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ် Dr. Kao Kim Hourn၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပို့ဆောင်ရေးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဆွေးနွေးဖက်နိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ် Dr. Kao Kim Hourn က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် အာဆီယံမျှော်မှန်းချက် ၂၀၄၅ နှင့်အညီ အာဆီယံအသိုက်အဝန်းသည် နိုင်ငံရေးနှင့် လုံခြုံရေးမဏ္ဍိုင်၊ စီးပွားရေးမဏ္ဍိုင်၊ လူမှုရေးနှင့် ယဉ်ကျေးမှုမဏ္ဍိုင်စသည့် မဏ္ဍိုင်ကြီး (၃) ရပ်အပေါ် အခြေခံထားပြီး မဏ္ဍိုင်တစ်ခုချင်းသည်လည်း ဆက်နွှယ်နေကြကြောင်း၊ ထို့ကြောင့် အာဆီယံ၏ ၂၀၂၅ အလွန်မျှော်မှန်းချက်ဖြစ်သည့် ပိုမိုပေါင်းစည်း၍ တက်ကြွပြီး ပြည်သူလူထုကိုဗဟိုပြုသော အာဆီယံအသိုက်အဝန်းတစ်ခု ဖော်ဆောင်ရာတွင် ပေါင်းစည်းဆက်နွှယ်မှု၏အရေးပါမှုကို မီးမောင်းထိုးပြနေခြင်းပင်ဖြစ်ကြောင်း။

ယခုနှစ်သည် ကွာလာလမ်ပူ ပို့ဆောင်ရေး မဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၅)၏ အပြီးသတ်နှစ်ဖြစ်ပြီး အာဆီယံပို့ဆောင်ရေးစီမံကိန်း (၂၀၂၆-၂၀၃၀)ကို ကြိုဆိုမည့်နှစ်ဖြစ်သည်နှင့်အညီ အာဆီယံပို့ဆောင်ရေး ပူးပေါင်းဆောင်ရွက်မှုအတွက် အရေးပါသော အချိန်အခါလည်းဖြစ်ကြောင်း၊ (၄၇)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၏ ကြေညာစာတမ်းအရ အာဆီယံ-နယူးဇီလန် လေကြောင်းဝန်ဆောင်မှုဆိုင်ရာ သဘောတူစာချုပ်လက်မှတ်ရေးထိုးခဲ့ခြင်းအပေါ်လည်း ဂုဏ်ပြုပါကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ခြင်းသည် လေကြောင်းဆက်သွယ်မှု အားကောင်းလာစေရန်၊ ကုန်စည်နှင့် ခရီးသွားလုပ်ငန်း လွယ်ကူချောမွေ့စေရန်နှင့် ပြည်သူအချင်းချင်း ဆက်ဆံရေးနက်ရှိုင်းလာစေရန် အရေးပါသည့် မှတ်တိုင်တစ်ခုပင်ဖြစ်ကြောင်း။

သယ်ယူပို့ဆောင်ရေးချိတ်ဆက်မှုသည် အခြေခံအဆောက်အအုံနှင့်သာ သက်ဆိုင်ခြင်းမဟုတ်ဘဲ တည်ငြိမ်မှု၊ တိုးတက်မှုနှင့်အသိုက်အဝန်းတည်ဆောက်မှုတို့၏ မဟာဗျူဟာမြောက် ဆောင်ရွက်ချက်တစ်ခုလည်း ဖြစ်သည့်အပြင် အဆိုပါချိတ်ဆက်မှုကြောင့် အပြန်အလှန်လေးစားမှု၊ စည်းလုံးညီညွတ်မှုတို့နှင့် အတူ အာဆီယံမိတ်ဖက်ဆက်ဆံရေးစိတ်ဓာတ်ကို ထာဝရထိန်းသိမ်းလျက် အတူတကွ လက်တွဲဆောင်ရွက်သွားမည်ဆိုပါက ပိုမိုတိုးတက်မှုများရှိလာမည်ဟုလည်း ယုံကြည်ပါကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို လာမည့်ဒီဇင်ဘာလတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ရွေးကောက်ပွဲကျင်းပခြင်းသည် ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ကို ပြန်လည်ထူထောင်ရန်နှင့် အမျိုးသားစည်းလုံးညီညွတ်မှုကိုမြှင့်တင်ရန် အရေးကြီးသည့် မှတ်တိုင်တစ်ခုအဖြစ် ဆောင်ရွက်နေကြောင်း၊ မိမိတို့နိုင်ငံ၏ ရွေးကောက်ပွဲအပေါ် အာဆီယံမိသားစုများ၏ နားလည်မှု၊ ပံ့ပိုးမှုနှင့် အပြုသဘောဆောင်သည့် ထိတွေ့ဆက်ဆံမှုများကို တန်ဖိုးထားပါကြောင်းနှင့် အာဆီယံအနေဖြင့် ပိုမိုခိုင်မာစည်းလုံးညီညွတ်ပြီး အနာဂတ်ကာလတွင် ရှေ့ကို မျှော်မှန်းနိုင်သည့် အသိုက်အဝန်းတစ်ခုအဖြစ် ဆက်လက်ရပ်တည်နေမည်ဟု မိမိအနေဖြင့် ယုံကြည်ပါကြောင်း။

အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများနှင့် အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်ရုံးတို့အနေဖြင့် မိမိတို့နိုင်ငံကို စဉ်ဆက်မပြတ်ပူးပေါင်းဆောင်ရွက်မှုနှင့် ပံ့ပိုးကူညီမှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ အာဆီယံကို တည်ငြိမ်အေးချမ်းပြီး သာယာဝပြောသည့်ဒေသတစ်ခုအဖြစ် တည်ဆောက်ရန်ဆိုသည့် တူညီသောမျှော်မှန်းချက်ကို အောင်မြင်သည်အထိ ဆက်လက်အကောင်အထည်ဖော်ရန် တိုက်တွန်းလိုကြောင်းနှင့် ယနေ့အစည်းအဝေးတွင်လည်း အကျိုးရလဒ်များစွာရှိသည့် ဆွေးနွေးမှုများ ဖြစ်ပေါ်လာရန်မျှော်လင့်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ အခမ်းအနားသို့ တက်ရောက်လာကြသူများက စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး Streng-thening Connectivity, Sharing The Future ဂုဏ်ပြုတေးသီချင်း မှတ်တမ်း Video Clip ကိုကြည့်ရှုခဲ့ကြကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# (၃၁) ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၀

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဦးဆောင်၍ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပပြုလုပ်သည့် (၃၁)ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေး (31st ASEAN Transport Ministers Meeting – 31st ATM)နှင့် ဆက်စပ်အစည်းအဝေးများကို ယနေ့နံနက်ပိုင်းက နေပြည်တော် Jasmine Hotel ၌ Hybrid Mode ဖြင့် စတင်ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တက်ရောက်အမှာစကား ပြောကြား၍ အခမ်းအနားကို ဖွင့်လှစ်သည်။



ထို့နောက် (၃၁)ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေး အစီအစဉ်အရ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် သယ်ယူပို့ဆောင်ရေးသည် စီးပွားရေးလုပ်ငန်းများဖြင့် ချိတ်ဆက်ပေးခြင်း၊ ကုန်သွယ်မှုလွယ်ကူချောမွေ့စေခြင်း၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေခြင်းနှင့် ပြည်သူများအချင်းချင်း ပေါင်းစည်းဆက်နွှယ်မှုတိုးမြှင့်ခြင်းတို့တွင် အရေးပါသည့်ကဏ္ဍဖြစ်ကြောင်း၊ လွန်ခဲ့သည့်ဆယ်စုနှစ်များအတွင်း အာဆီယံ၏ဒေသတွင်းသယ်ယူပို့ဆောင်ရေးကဏ္ဍ ချိတ်ဆက်မှု အားကောင်းလာပြီး ရေရှည်တည်တံ့သော ပို့ဆောင်ရေးကဏ္ဍအဖြစ် ဖော်ဆောင်ရာတွင် သိသာထင်ရှားသော တိုးတက်မှုများရရှိခဲ့ကြောင်း၊ ယင်းတိုးတက်မှုများသည် သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် အာဆီယံ၏ ခေါင်းဆောင်မှုကို ထင်ဟပ်စေလျက်ရှိပါကြောင်း၊ မိမိတို့သယ်ယူပို့ဆောင်ရေးကဏ္ဍ၏ ကြိုးစားအားထုတ်မှုသည် အာဆီယံပေါင်းစပ်ဆက်နွှယ်မှု မဟာဗျူဟာစီမံကိန်း ၂၀၂၅ နှင့် အာဆီယံစီးပွားရေးအသိုက်အဝန်း လမ်းပြမြေပုံပါမျှော်မှန်းချက်များကို အထောက်အကူဖြစ်စေပါကြောင်း။

ယခုနှစ်သည် ကွာလာလမ်ပူ ပို့ဆောင်ရေးမဟာဗျူဟာစီမံကိန်း၏ အပြီးသတ်ကာလဖြစ်သကဲ့သို့ အာဆီယံပို့ဆောင်ရေးစီမံကိန်း (၂၀၂၆-၂၀၃၀)နှင့်အညီ ပူးပေါင်းဆောင်ရွက်မှုအသစ်များ စတင်ဆောင်ရွက်မည့်ကာလဖြစ်ကြောင်း၊ ယနေ့ အစည်းအဝေးတွင် ဆွေးနွေးချက်များသည် လာမည့်ဆယ်စုနှစ်အတွင်း အာဆီယံပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဗျူဟာမြောက်ဦးတည်ချက်များချမှတ်ရာတွင် များစွာအရေးပါမှုရှိကြောင်း၊ မိတ်ဖက်များနှင့် ထိတွေ့ဆက်ဆံမှု၊ စည်းလုံးညီညွတ်မှု၊ အပြန်အလှန်လေးစားမှု စသည့်အခြေခံမှုများနှင့်အညီ ပြည်သူများအားလုံးအတွက် သာယာဝပြော၍ ခံနိုင်ရည်ရှိပြီး အားလုံးပါဝင်နိုင်သော သယ်ယူပို့ဆောင်ရေးစနစ်အား ပုံဖော်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ယခုအစည်းအဝေးနှင့်အတူ ဆွေးနွေးဖက်နိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံများဖြင့် ဆက်စပ်အစည်းအဝေးများ ကျင်းပသွားမည်ဖြစ်ကြောင်း။



ပို့ဆောင်ရေးကဏ္ဍ ချိတ်ဆက်မှုကို အားကောင်းစေပြီး ပြည်သူများအတွက် ရေရှည်အကျိုးဖြစ်ထွန်းစေမည့် ခိုင်မာသောရလဒ်များကို ဖော်ဆောင်ပေးနိုင်ရန် စည်းလုံးညီညွတ်မှုနှင့် ချစ်ကြည်ရင်းနှီးမှုစိတ်ဓာတ်ဖြင့် အတူတကွ ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းပြောကြားကာ အစည်းအဝေးကို အတည်ပြုထားသည့်အစီအစဉ် ၁၁ ခုဖြင့် ကျင်းပသည်။

အာဆီယံပို့ဆောင်ရေးဝန်ကြီးများက ၂၀၂၆ ခုနှစ်အတွင်းဆောင်ရွက်မည့်လုပ်ငန်းများ၊ ကွာလာလမ်ပူ သယ်ယူပို့ဆောင်ရေးစီမံကိန်း (၂၀၁၆-၂၀၂၅) အပြီးသတ်အစီရင်ခံစာ၊ အာဆီယံပို့ဆောင်ရေးစီမံကိန်း (၂၀၂၆-၂၀၃၀)၊ သဘော်မှ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုဆိုင်ရာ အာဆီယံဒေသတွင်းမဟာဗျူဟာ၊ အာဆီယံ လျှပ်စစ်သုံးယာဉ် အကောင်အထည်ဖော်ရေးလမ်းပြမြေပုံ၊ ဒစ်ဂျစ်တယ်စနစ်ဖြင့် အများပြည်သူသယ်ယူပို့ဆောင်ရေးနှင့် အိမ်တိုင်ရာရောက်ဝန်ဆောင်မှုပေးအပ်ရေးလုပ်ငန်းဆိုင်ရာများ၊ ရထားပို့ဆောင်ရေးလုပ်ငန်း အပြန်အလှန်လုပ်ငန်းဆောင်ရွက်မှု တိုးမြှင့်ခြင်းဆိုင်ရာမဟာဗျူဟာစီမံကိန်းများအား အတည်ပြုကြသည်။

ဆက်လက်၍ (၂၄)ကြိမ်မြောက် အာဆီယံ-တရုတ် ပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေး (24th ASEAN and China Transport Ministers Meeting) ကိုလည်းကောင်း၊ (၂၃) ကြိမ်မြောက် အာဆီယံ-ဂျပန် ပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေး (23rd ASEAN and Japan Transport Ministers Meeting) ကိုလည်းကောင်း၊ (၁၆) ကြိမ်မြောက် အာဆီယံ-ကိုရီးယား ပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေး (16th ASEAN and Republic of Korea Transport Ministers Meeting) ကိုလည်းကောင်း အစီအစဉ်များအတိုင်းကျင်းပကာ အာဆီယံ-တရုတ် သယ်ယူပို့ဆောင်ရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာစီမံကိန်း(၂၀၂၆-၂၀၃၅)၊ အာဆီယံ-ဂျပန် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ် (၂၀၂၅-၂၀၂၆)နှင့် အာဆီယံ-ကိုရီးယား သယ်ယူပို့ဆောင်ရေးလမ်းပြမြေပုံ (၂၀၂၆-၂၀၃၀)များအား အတည်ပြုခဲ့ကြပြီး ညနေပိုင်းတွင် အစည်းအဝေးများအားလုံး ပြီးဆုံးခဲ့သည်။

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၃၁)ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများမှဝန်ကြီးများ၊ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်၊ ဘာသာရပ်ဆိုင်ရာအဆင့်မြင့် အရာရှိကြီးများ အပါအဝင် စုစုပေါင်း ၁၈၇ ဦး ပါဝင်တက်ရောက်ခဲ့ကြောင်းနှင့် ၂၀၂၆ ခုနှစ်တွင် အစည်းအဝေးများကို ဖိလစ်ပိုင်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲ ကျင်းပရန်

၃၇ ရက်

သာ လိုတော့သည်။

## တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် ကျောင်းသား၊ ကျောင်းသူများ ကြိုတင်ဆန္ဒမဲ ပေးနိုင်ကြောင်း အသိပေးကြေညာခြင်း

၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်

သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများက တာဝန်ယူဖွင့်လှစ်သည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ မကြာမီတွင် ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူများသည် ရွေးကောက်ပွဲစတင်ကျင်းပမည့် ၂၈-၁၂-၂၀၂၅ ရက်နေ့တွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၌ ကျောင်းတက်ရောက်နေကြရမည်ဖြစ်ပါသည်။ အဆိုပါ ကျောင်းသား၊ ကျောင်းသူများအနက် မိမိတို့မဲစာရင်းပါရှိသည့် မဲဆန္ဒနယ်ပြင်ပတွင်ရှိသော တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် တက်ရောက်ကြရမည့် ကျောင်းသား၊ ကျောင်းသူများလည်း ပါဝင်မည်ဖြစ်ပါသည်။ မဲဆန္ဒနယ် ပြင်ပရောက် ကျောင်းသား၊ ကျောင်းသူများအနက် ရွေးကောက်ပွဲစတင်ကျင်းပမည့် ၂၈-၁၂-၂၀၂၅ ရက်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး ဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများဖြစ်ပါက မဲပေးခွင့်မဆုံးရှုံးစေရေးအတွက် သက်ဆိုင်ရာကျောင်းများသို့ မသွားရောက်မီ မိမိတို့၏ မဲစာရင်းပါရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးတွင် ၁၇-၁၁-၂၀၂၅ ရက်နေ့မှ ၂၁-၁၁-၂၀၂၅ ရက်နေ့အထိ နံနက် ၀၉ ၀၀ နာရီမှ ညနေ ၁၆ ၃၀ နာရီအတွင်း မိမိတို့ကိုင်ဆောင်သည့် နိုင်ငံသားစိစစ်ရေးကတ်နှင့် သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှထုတ်ပေးသည့် ကျောင်းသားစိစစ်ရေးကတ် သို့မဟုတ် ကျောင်းဝင်ခွင့်အထောက်အထားတို့ကို ပြသ၍ ကြိုတင်ဆန္ဒမဲပေးနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## (ဒုတိယ)အကြိမ် မဲစာရင်းကပ်ထားကြေညာခြင်းနှင့်စပ်လျဉ်း၍ မဲဆန္ဒရှင်ပြည်သူများသို့ မေတ္တာရပ်ခံချက်

၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းများကို (ပထမ)အကြိမ်အဖြစ် ၂၁ ရက်ကြာ ကပ်ထားကြေညာခဲ့ပြီးဖြစ်ပါသည်။ မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေးအတွက် မဲစာရင်းများကို ၂၁-၁၁-၂၀၂၅ ရက်နေ့မှ ၄-၁၂-၂၀၂၅ ရက်နေ့အထိ ၁၄ ရက်ကြာ သက်ဆိုင်ရာ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများနှင့် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများတွင် (ဒုတိယ)အကြိမ်အဖြစ် ထပ်မံကပ်ထားကြေညာမည်ဖြစ်ပါသည်။ အကြောင်းအမျိုးမျိုးကြောင့် ရပ်ကွက်နှင့် ကျေးရွာအုပ်စုများတွင် ကပ်ထားကြေညာနိုင်ခြင်းမရှိပါက သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးများတွင် မဲစာရင်းကြည့်ရှုနိုင်ရေး ဆောင်ရွက်ထားမည်ဖြစ်ပါသည်။ မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာစဉ် မဲဆန္ဒရှင်များက မဲစာရင်းလာရောက်ကြည့်ရှုမှသာ ပြည့်စုံမှန်ကန်သော မဲစာရင်းရရှိနိုင်မည်ဖြစ်ပါသည်။

၂။ မဲဆန္ဒရှင်များအနေဖြင့် မဲစာရင်းကို လာရောက်ကြည့်ရှုပြီး မိမိအမည် မဲစာရင်းတွင် မပါဝင်ပါက ပုံစံ (၃) ဖြင့် မဲစာရင်းတွင် အမည်ထည့်သွင်းပေးရန် တောင်းဆိုခြင်း၊ မပါဝင်သင့်သူများပါဝင်နေပါက ပုံစံ (၄) ဖြင့်ကန့်ကွက်ခြင်း၊ မဲစာရင်းပါ အချက်အလက်များ မှားယွင်းနေပါက ပုံစံ (၄-က) ဖြင့် ပြင်ဆင်လွှာတင်သွင်းခြင်းတို့ကို ဆောင်ရွက်စေလိုပါသည်။ လိုအပ်သောပုံစံများကိုလည်း ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ **(အခမဲ့)** ရယူနိုင်ပါသည်။ ထိုသို့ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းတို့ ဆောင်ရွက်ပြီးပါက အထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်း (တတိယ)အကြိမ် ကပ်ထားကြေညာခြင်းကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလအတွင်းတွင် နောက်ဆုံးအကြိမ်အဖြစ် ထပ်မံကပ်ထားကြေညာမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည့်စုံမှန်ကန်သော မဲစာရင်းရရှိရန်အတွက် (ဒုတိယ)အကြိမ် မဲစာရင်းကပ်ထားကြေညာစဉ်တွင် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အိမ်ထောင်စုတစ်စုလျှင် အနည်းဆုံးတစ်ဦး (မပျက်မကွက်) လာရောက်ကြည့်ရှုခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ ပဲတင်ပို့မှုအနေဖြင့် နှစ်စဉ်သတ်မှတ်ပမာဏထက် ပိုမိုတင်ပို့ထား

မြန်မာနိုင်ငံတွင် စိုက်ပျိုးထွက်ရှိသည့် မတ်ပဲနှင့် ပဲစင်းငုံကို အိန္ဒိယနိုင်ငံသို့ နှစ်စဉ်သတ်မှတ်ပမာဏထက် ပိုမိုတင်ပို့ထားကြောင်း နယူးဒေလီအခြေစိုက် သတင်းဖော်ပြချက်များအရ သိရသည်။

နှစ်နိုင်ငံ ငါးနှစ်သဘောတူစာချုပ်အရ အိန္ဒိယနိုင်ငံသည် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အထိ မြန်မာနိုင်ငံမှ မတ်ပဲတန်ချိန် ၂ ဒသမ ၅ သိန်းနှင့် ပဲစင်းငုံတန်ချိန် တစ်သိန်း အထူးသွင်းခွင့်ပြုထားခြင်းဖြစ်သည်။

သို့ရာတွင် အစိုးရဆိုင်ရာ အရင်းအမြစ်များအရ မြန်မာနိုင်ငံမှ တင်သွင်းသည့် မတ်ပဲနှင့် ပဲစင်းငုံပမာဏများသည် နှစ်စဉ်သဘောတူချက်ထားရှိသည့် ပမာဏထက် နှစ်စဉ် ပိုမိုနေကြောင်း၊ အိန္ဒိယနိုင်ငံသည် ၂၀၂၁ ခုနှစ် မေလမှစတင်၍ မတ်ပဲနှင့် ပဲစင်းငုံများကို ကန့်သတ်ချက်မရှိ တင်သွင်းခွင့်ပြုခဲ့ပြီး ယခုအခါ ဤမူဝါဒကို ၂၀၂၆ ခုနှစ် မတ်လ ၃၁ ရက်အထိ တိုးမြှင့်ထားကြောင်း သိရသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း အိန္ဒိယ-မြန်မာ နှစ်နိုင်ငံကြား ကုန်သွယ်မှုသည် အမေရိကန် ဒေါ်လာ ၂ ဒသမ ၁ ဘီလီယံရှိခဲ့ပြီး အိန္ဒိယမှ မြန်မာနိုင်ငံသို့ တင်ပို့မှုသည် ဒေါ်လာ ၆၁၄ သန်းကျော်သာရှိသော်လည်း မြန်မာမှတင်သွင်းမှုသည် ဒေါ်လာ ၁၅၃၃ သန်းခန့်ရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံမှ အိန္ဒိယသို့ တင်ပို့မှုသည် အိန္ဒိယမှ မြန်မာသို့ တင်ပို့မှုထက် ပိုမိုမြင့်တက်လာခြင်းမှာ အိန္ဒိယအစိုးရက မတ်ပဲနှင့် ပဲစင်းငုံတို့ကို ၂၀၂၅ ခုနှစ်၊ မတ် ၃၁ ရက်အထိ ကန့်သတ်ချက်မရှိ တင်သွင်းခွင့် ကြေညာခဲ့ပြီးနောက်ပိုင်းတွင် ၂၀၂၆ ခုနှစ်၊ မတ် ၃၁ ရက်အထိ ထပ်မံတိုးချဲ့ခဲ့သောကြောင့်ဖြစ်ကြောင်း သိရသည်။

နှစ်နိုင်ငံကုန်သွယ်မှုသည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ၁ ဒသမ ၂၉ ဘီလီယံမှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် ၁ ဒသမ ၈၉ ဘီလီယံ၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ၁ ဒသမ ၇၆ ဘီလီယံနှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တွင် ၁ ဒသမ ၇၄ ဘီလီယံ အထိ တိုးတက်လာခဲ့ကြောင်း သိရသည်။

အိန္ဒိယသည် မြန်မာနိုင်ငံ၏ စတုတ္ထမြောက်အကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်ကြောင်း၊ အိန္ဒိယသည် မြန်မာနိုင်ငံသို့ ဆေးဝါးများ၊ တိရစ္ဆာန်မှ ထွက်ကုန်များ၊ ကောက်ပဲသီးနှံများ၊ အစားအသောက်ပစ္စည်းများ၊ တိရစ္ဆာန်အစာများ၊ ဝါဂွမ်း၊ စက်ပစ္စည်းများ၊ မော်တော်ယာဉ်များနှင့် လျှပ်စစ်စက်ကိရိယာများ အဓိကတင်ပို့လျက်ရှိပြီး တစ်ဖက်တွင်မူ အိန္ဒိယနိုင်ငံသို့ ပဲမျိုးစုံ၊ သစ်တောထွက်ပစ္စည်းများနှင့် စိုက်ပျိုးရေး ထွက်ကုန်များ တင်ပို့လျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**




## သဘာဝဘေးအန္တရာယ် အာမခံလျော်ကြေးငွေ ပေးအပ်

**မန္တလေး နိုဝင်ဘာ ၂၀**

မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် အဆောက်အအုံပျက်စီးမှုအတွက် သဘာဝဘေးအန္တရာယ်အာမခံလျော်ကြေးငွေပေးအပ်ပွဲကို နိုဝင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီက မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ၁၀၅လမ်း၊ ၆၅လမ်းနှင့်၆၆လမ်းကြားရှိ ဂလိုဘယ်ဝေါ(လ်)အာမခံကုမ္ပဏီ (GW1)တွင် ကျင်းပသည်။

အာမခံလျော်ကြေးငွေပေးအပ်ပွဲတွင် GW1 မှ တာဝန်ရှိသူတစ်ဦးက လျော်ကြေးငွေပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း ၃၀၊ ၇၁လမ်းနှင့် ၇၂လမ်းကြားရှိ အဆောက်အအုံပျက်စီးမှုအတွက် သဘာဝဘေးအန္တရာယ်အာမခံလျော်ကြေးငွေ ကျပ် ၄၄၁၉၃၆၀၀၀ အား အဆောက်အအုံပိုင်ရှင်အား ပေးအပ်ခဲ့သည်။

ထို့နောက် ဂလိုဘယ်ဝေါ(လ်) အာမခံကုမ္ပဏီ(GW1)မှ ကိုယ်စားလှယ် ဦးရာဇာဟိန်းက အာမခံလျော်ကြေးငွေကို မြန်ဆန်စွာ ညှိနှိုင်းပေးမှုအတွက် ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ဂလိုဘယ်ဝေါ(လ်)အာမခံကုမ္ပဏီ(GW1)မှ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးနှင့် ဒေသအချို့မှ ငလျင်ဘေးအကာအကွယ်အာမခံထားရှိသူများအတွက် လျော်ကြေးငွေများကို ငလျင်ကြီး လှုပ်ခတ်ပြီးနောက် အမြန်ဆုံး စိစစ်ပေးလျော်ပေးလျက်ရှိကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(၀၇၀)**

**အသက်သည် သွေး၊ သွေးသည် အသက်။**

# မန္တလေးတိုင်းဒေသကြီး (၃၆)နှစ်မြောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း နှစ်ပတ်လည်နေ့အထိမ်းအမှတ် ကမ္ဘာ့ကလေးများနေ့အခမ်းအနား မန္တလေးမြို့တော်ခန်းမတွင် ကျင်းပ

**မန္တလေး နိုဝင်ဘာ ၂၀**

(၃၆)နှစ်မြောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း နှစ်ပတ်လည်နေ့အထိမ်းအမှတ် ကမ္ဘာ့ကလေးများနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ မန္တလေးတိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ဇနီး ဒေါ်မမ၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်တို့မှ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီအဖွဲ့ဝင်များ၊ အသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ကမ္ဘာတစ်ဝန်းလုံးရှိ ကလေးသူငယ်များ၏ အခွင့်အရေးများအား ကာကွယ်စောင့်ရှောက်ရန်နှင့် မြှင့်တင်ဆောင်ရွက်ရန်အတွက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်ကို အတည်ပြုပြဋ္ဌာန်းခဲ့သည့် ၁၉၈၉ ခုနှစ် နိုဝင်ဘာ ၂၀ ရက်ကို ကမ္ဘာ့ကလေးများနေ့အဖြစ် သတ်မှတ်ခဲ့ပါကြောင်း၊ ယခုနှစ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း အထိမ်းအမှတ် ကမ္ဘာ့ကလေးများနေ့ ဆောင်ပုဒ်မှာ "နေ့စဉ်အခွင့်အရေးများမြှင့်တင်ရေး၊ ကလေးများ အသံနားထောင်ပေး" ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နှစ်စဉ်ကျင်းပလာခဲ့ရာ (၃၆)နှစ်မြောက်ရှိပြီဖြစ်ပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ကာကွယ်စောင့်ရှောက်ရန် လိုအပ်နေသော ကလေးသူငယ်များကိုလည်း ကာကွယ်စောင့်ရှောက်ပေးခြင်း၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုအသိုက်အဝန်း ပြန်လည်ဝင်ဆံ့နိုင်ရေးတို့ကို ဆက်စပ်ဝန်ကြီးဌာနများ၊ အရပ်ဖက် အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး စီမံချက်များချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်နေပါကြောင်းနှင့် ကလေးအားလုံး အကောင်းဆုံးအကျိုးစီးပွားဖြစ်စေရန် ဘက်စုံ၊ ကဏ္ဍစုံမှ ဝိုင်းဝန်းပူးပေါင်းကာ အကောင်အထည်ဖော်မြှင့်တင်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း နှစ်ပတ်လည်နေ့အထိမ်းအမှတ် Video Clip နှင့် အမှတ်(၁) မူလတန်းကြိုကျောင်း၊ ကလေးပြုစုရေးဌာန၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း၊ နားမကြားသောကလေးများကျောင်း၊ ဇရိပ်မွန် အမျိုးသမီးပရဟိတဂေဟာ၊ ပြည်လုံးချမ်းသာ ပရဟိတဂေဟာ၊ အမျိုးသမီးကလေးများ သင်တန်းကျောင်းတို့မှ ကလေးသူငယ်များ၏ တေးသရုပ်ဖော်များဖြင့် ကပြဖျော်ဖြေ တင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

ၖင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများက တေးသရုပ်ဖော်အကများဖြင့် ကပြဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အဖွဲ့များအား ဂုဏ်ပြုငွေများနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀

၀-၀-၀-၀-၀

၀-၀-၀-၀-၀-၀












# စာပေသက်ကြီးပူဇော်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲဆုချီးမြှင့်ပွဲ ကျင်းပ

**ပုသိမ်ကြီး နိုဝင်ဘာ ၂၀**

ပုသိမ်ကြီးမြို့နယ် စာရေးဆရာအသင်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ စာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးပူဇော်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနား၊ လူမှုထူးချွန် တတိယဆင့်ရ စာရေးဆရာ မောင်ရန်ရှင်းအား ဂုဏ်ပြုပွဲတို့ကို ယနေ့နံနက် ၁၀ နာရီက ပုသိမ်ကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်စာရေးဆရာအသင်း ဩဝါဒါစရိယ ရဟန်းစာဆိုဆရာတော်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှ တာဝန်ရှိသူ၊ လက်ထောက်ပညာရေးမှူး၊ မြို့နယ်ပြန်/ဆက် ဦးစီးဌာနမှူးနှင့် ကန်တော့ခံရဟန်းစာဆိုများ၊ ကန်တော့ခံဆရာကြီး၊ ဆရာမကြီး ၁၅ ဦးနှင့် မြို့နယ်များမှ ဖိတ်ကြားထားသောစာရေးဆရာ၊ ဆရာမများ စာစီစာကုံးဆုရ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများ တက်ရောက်ကြပြီး အခမ်းအနားအစီအစဉ်အရ ဩဝါဒါစရိယဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ပြီး ဩဝါဒကထာနာယူကာ မြန်မာနိုင်ငံစာဆိုတော်နေ့ သဝဏ်လွှာကို ဖတ်ကြားသည်။ ထို့နောက် သက်ကြီးစာဆိုများကိုယ်စား နာယကဆရာကြီး မာဃနိန္ဒက ဆုပေးစကားပြောကြားသည်။ ထို့နောက် စာစီစာကုံးဆုရသူများအား ဆုချီးမြှင့်ပြီး လူမှုထူးချွန် တတိယဆင့်ရ စာရေးဆရာ မောင်ရန်ရှင်း အား ဂုဏ်ပြုသည်။

ဆက်လက်၍ သက်ကြီးစာပေပညာရှင်များအား ကန်တော့၍ စုပေါင်းဓာတ်ပုံရိုက် မှတ်တမ်းတင်ကြကြောင်း သိရသည်။

**(အောက်ပုံ)**

**(ဝ၉၁)**



# မွန်ညီညွတ်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၂၀

မွန်ညီညွတ်ရေးပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် မင်းအောင်ထူးက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၂၀ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။

အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-



မင်္ဂလာပါခင်ဗျာ...

လေးစားအပ်တဲ့ မဲဆန္ဒရှင် မိဘပြည်သူ၊ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ညီညွတ်ရေးပါတီမှ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် မင်းအောင်ထူး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မွန်ညီညွတ်ရေးပါတီကိုယ်စား အခုလိုတင်ပြခွင့်ရတဲ့အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ဦးစွာပြောကြားလိုပါတယ်။

လာမယ့် ဒီဇင်ဘာလ ၂၈ ရက်နေ့မှာ ကျင်းပမယ့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှာ ကျွန်တော်တို့ မွန်ညီညွတ်ရေးပါတီအနေနဲ့ မွန်ပြည်နယ်တွင်းမှာရှိတဲ့ မဲဆန္ဒနယ်အသီးသီးကနေ ကိုယ်စားလှယ်လောင်း ၃၈ ဦး ပါဝင်ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ နိုင်ငံရေးပါတီတွေအနေနဲ့ ပါတီရဲ့ နိုင်ငံရေးရပ်တည်ချက်နဲ့ မူဝါဒလုပ်ငန်းစဉ်တွေနဲ့အညီ နိုင်ငံတော်နဲ့ ပြည်သူ့အကျိုးသယ်ပိုးနိုင်ခွင့်ရနိုင်ဖို့ရာ မဲဆန္ဒရှင် ပြည်သူလူထုရဲ့ ရွေးချယ်အပ်နှင်းမှုက အဓိကအကျဆုံးဖြစ်တဲ့အတွက် ကျွန်တော်တို့ပါတီရဲ့ နိုင်ငံရေးရည်မှန်းချက်၊ မူဝါဒလုပ်ငန်းစဉ်တွေကို မိဘပြည်သူတွေသိရှိအောင် အကျဉ်းချုပ် တင်ပြလိုပါတယ်။

မွန်ညီညွတ်ရေးပါတီဟာ တိုင်းရင်းသားကိုယ်စားပြု နိုင်ငံရေးပါတီဖြစ်ပြီး မွန်ပြည်နယ်အတွင်းမှာသာ လှုပ်ရှားဆောင်ရွက်တဲ့ ပါတီတစ်ရပ်ဖြစ်ပေမယ့်လည်း စုံလင်ကွဲပြားမှုတွေနဲ့ တည်ဆောက်ထားတဲ့ ပြည်ထောင်စုကြီးမှာ တိုင်းရင်းသားအားလုံးအတွက် နိုင်ငံရေးအရတန်းတူညီမျှပြီး အေးချမ်းသာယာတဲ့၊ ပြည်သူတွေလိုလားတောင့်တတဲ့၊ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကို တည်ဆောက်သွားနိုင်မယ့် နိုင်ငံရေးဖြစ်စဉ်မှာ အရေးကြီးတဲ့ အခန်းကဏ္ဍကနေ ပါဝင်အားဖြည့်နိုင်မယ်လို့ ယုံကြည်ထားပါတယ်။
မိဘပြည်သူများနဲ့ တိုင်းရင်းသား ညီအစ်ကိုမောင်နှမအပေါင်းတို့ခင်ဗျာ

ဒီပစ္စုပ္ပန်ကာလ နိုင်ငံရေးအကျပ်အတည်းတွေ၊ ပဋိပက္ခတွေနဲ့ ရင်ဆိုင်ကြုံတွေ့နေရတဲ့အချိန်မှာ ကျင်းပမယ့် ရွေးကောက်ပွဲအပေါ် ထင်မြင်ယူဆချက် အမျိုးမျိုး၊ တုံ့ပြန်မှုအမျိုးမျိုး ရှိနေကြမှာဖြစ်ပါတယ်။ ကျွန်တော်တို့ မွန်ညီညွတ်ရေးပါတီအနေနဲ့က နိုင်ငံရေးဖြစ်စဉ်ဖြစ်ရပ်တွေရဲ့ တိုးတက်ပြောင်းလဲမှုတွေ၊ ဆုတ်ယုတ်အားနည်းမှုတွေ၊ အခက်အခဲ စိန်ခေါ်မှုတွေ၊ ကောင်းတစ်ခါ ဆိုးတစ်လှည့်ကြုံတွေ့ရတဲ့ နိုင်ငံရေးလောကဓံတွေကို နိုင်ငံနဲ့ ပြည်သူလူထုထိခိုက်မှု အနည်းဆုံးဖြစ်အောင် နည်းလမ်းရှာပြီး ရင်ဆိုင်ကျော်လွှားသွားရမှာပဲလို့ ယုံကြည်ထားပါတယ်။ မွန်ညီညွတ်ရေးပါတီအနေနဲ့ နိုင်ငံသားအားလုံးအတွက် ငြိမ်းချမ်းသာယာတဲ့ ပြည်ထောင်စုတစ်ခုတည်ဆောက်မယ်ဆိုတဲ့ နိုင်ငံရေးအန္တိမပန်းတိုင်ကို ရောက်ရှိနိုင်ဖို့အတွက် ဦးလည်မသုန် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

မွန်ညီညွတ်ရေးပါတီဟာ **"မွန်ပြည်နယ်ရှိ မဲဆန္ဒရှင်ပြည်သူများနှင့်တကွ ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားပြည်သူလူထု အားလုံးတို့ ရင်ဆိုင်ကြုံတွေ့နေရသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခက်အခဲများကို ဖြေရှင်းပေးနိုင်ပြီး ပြည်သူလူထုက ယုံကြည်အားကိုးရသည့် ခိုင်မာသော နိုင်ငံရေးပါတီတစ်ရပ်အဖြစ် ရပ်တည်ဆောင်ရွက်သွားရန်"**ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လာမယ့်ရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။

နိုင်ငံတော်နဲ့ မဲဆန္ဒရှင်ပြည်သူတွေ အကျိုးအတွက် ဖော်ဆောင်သွားလိုတဲ့ မွန်ညီညွတ်ရေးပါတီရဲ့ မူဝါဒလုပ်ငန်းစဉ်တွေကို အနှစ်ချုပ်ပြီး တင်ပြရမယ်ဆိုရင် ...

**နိုင်ငံရေးကဏ္ဍ** မှာ ပါတီစုံဒီမိုကရေစီစနစ် အခြေတည်ခိုင်မာလာစေရေးနဲ့ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းဆိုတဲ့ လောကပါလတရားတို့နဲ့ ပြည့်စုံပြီး ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်သွားရေးကို ဦးတည်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးနဲ့ လိုအပ်တဲ့ လုပ်ငန်းဆောင်တာများကို ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဖော်ဆောင်သွားနိုင်ရေး တွန်းအားပေးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**စီးပွားရေးကဏ္ဍ** ဖွံ့ဖြိုးတိုးတက်လာဖို့အတွက် စိုက်ပျိုးရေးကဏ္ဍ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဒေသတွင်း ရော်ဘာအပါအဝင် စက်မှုကုန်ကြမ်းတွေ စနစ်တကျထုတ်လုပ်နိုင်ရေး၊ ကုန်ချောများ ထုတ်လုပ်နိုင်ရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ တိုးမြှင့်ဖန်တီးနိုင်ရေး၊ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့စေရေး၊ နိုင်ငံတကာနဲ့ ချိတ်ဆက်ပြီး စီးပွားရေးစီမံကိန်းများဖော်ထုတ်ရေး၊ စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များကို တိုးတက်ထုတ်လုပ်သုံးစွဲနိုင်ရေး စတဲ့အချက်တွေအပြင် အခြားသော လုပ်ငန်းစဉ်များလည်း ရေးဆွဲဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**လူမှုရေးကဏ္ဍ** အောက်မှာတော့ ပြည်သူလူထုတစ်ရပ်လုံးပါဝင်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို တည်ဆောက်နိုင်ဖို့နဲ့ ကျေးလက်နဲ့ မြို့ပြ ကျန်းမာရေးစောင့်ရှောက်မှုတစ်ပြေးညီရရှိစေရေး၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ စောင့်ရှောက်ရေး၊ ဆေးရုံဆေးပေးခန်းတွေ ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်းမြင့်မားလာရေး၊ စားသောက်ကုန်များ ဘေးအန္တရာယ်ကင်းရှင်းရေး စတဲ့လုပ်ငန်းတွေအတွက် အားပေးသွားမှာဖြစ်ပါတယ်။



**ပညာရေးကဏ္ဍ**မှာ လူတိုင်းစာတတ်မြောက်ရေးနဲ့ အခမဲ့ မသင်မနေရ အခြေခံပညာရေးစနစ်ကို ထိရောက်စွာ အကောင်အထည်ဖော်သွားပြီး စံချိန်စံညွှန်းနှင့် ပြည့်မီတဲ့ ပုဂ္ဂလိကပညာရေးစနစ်ကို အားပေးသွားနိုင်ရေး၊ အဆင့်မြင့်ပညာ၊ အသက်မွေးဝမ်းကျောင်းပညာတို့ကို နိုင်ငံတကာအဆင့်သို့ ရောက်ရှိနိုင်အောင် အားပေးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဒါ့အပြင် အမျိုးသမီးနဲ့ လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းလမ်းပေါင်းစုံနဲ့ ဆောင်ရွက်သွားမှာဖြစ်ပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ဒီရေတော ကာကွယ်ထိန်းသိမ်းရေး၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ ကူညီကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကိုလည်း အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

တိုင်းရင်းသားကဏ္ဍအနေနဲ့ လိုအပ်တဲ့ဥပဒေ၊ နည်းဥပဒေတွေ ရေးဆွဲပြီး တိုင်းရင်းသားအခွင့်အရေးတွေ ကာကွယ်စောင့်ရှောက်မြှင့်တင်နိုင်ဖို့၊ တိုင်းရင်းသားတွေရဲ့ ဓလေ့ထုံးတမ်းအစဉ်အလာတွေကို အားပေးမြှင့်တင်နိုင်ဖို့ အလေးထားဆောင်ရွက်သွားမှာဖြစ်ပါတယ်။

နောက်ဆုံးအနေနဲ့ တင်ပြလိုတာကတော့ မွန်ညီညွတ်ရေးပါတီဟာ မြန်မာပြည် တစ်နံတစ်လျားမှာ နေထိုင်ကြတဲ့ မွန်လူမျိုးတွေနဲ့တကွ တိုင်းရင်းသားပြည်သူအားလုံးအတွက် တစ်နိုင်ငံလုံး လွှမ်းခြုံတဲ့ ငြိမ်းချမ်းရေးရရှိနိုင်ရေး၊ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေးအတွက် ပြည်ထောင်စု တစ်ဝန်းလုံးမှာရှိတဲ့ တိုင်းရင်းသားသွေးချင်းညီနောင်တွေနဲ့ လက်တွဲဆောင်ရွက်သွားမှာဖြစ်ပြီး အထက်ကတင်ပြခဲ့တဲ့ မူဝါဒလုပ်ငန်းစဉ်တွေကို မဲဆန္ဒရှင်ပြည်သူလူထုရဲ့ အားပေးထောက်ခံမှုနဲ့အတူ ဆိုင်ရာဆိုင်ရာ အင်အားစုတွေနဲ့ အစဉ်တစိုက် လက်တွဲပူးပေါင်းအကောင်အထည်ဖော်သွားမှာ ဖြစ်ပါတယ်။ ရွေးကောက်ပွဲမှာ ဘယ်လိုရလဒ်ရရှိသည်ဖြစ်စေ မွန်ညီညွတ်ရေးပါတီအနေနဲ့ ပါတီရဲ့မူဝါဒလုပ်ငန်းစဉ်တွေအတိုင်း ပြည်သူလူထုအကျိုး၊ဒေသအကျိုးနဲ့ နိုင်ငံ့အကျိုးကို ဆက်လက်သယ်ပိုးသွားမှာ ဖြစ်ပါတယ်။

ဘယ်လိုစိန်ခေါ်မှုတွေ၊ အခက်အခဲတွေရှိနေပါစေ၊ နိုင်ငံရေးမှာ ခေါင်းမရှောင်တတ်တဲ့ ကျွန်တော်တို့ မွန်ညီညွတ်ရေးပါတီကို ထောက်ခံအားပေးရင်း အပြောင်းအလဲအတွက် တစ်ကျော့ပြန်ခြေလှမ်းအစကို တိုင်းရင်းသား ညီအစ်ကိုမောင်နှမအပေါင်း အတူလျှောက်လှမ်းကြပါစို့လို့ မွန်ညီညွတ်ရေးပါတီရဲ့ကိုယ်စား တိုက်တွန်းလိုက်ရပါတယ်ခင်ဗျာ။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်ခင်ဗျာ...။

## မြို့နယ်ပညာရေးမှူးဖလား ကျောင်းပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ကျင်းပ

**နောင်မွန်း နိုဝင်ဘာ ၂၀**

ကချင်ပြည်နယ်၊ ပူတာအိုခရိုင် နောင်မွန်းမြို့နယ်တွင် ကလေးများ ကာယဉာဏစွမ်းရည်ဖွံ့ဖြိုးတိုးတက်လာစေရန်၊ စည်းလုံးညီညွတ်စွာဖြင့် အတူတကွ ပူးပေါင်းဆောင်ရွက်တတ်စေရန်နှင့် အားကစားသမားကောင်းများ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ နောင်မွန်းမြို့နယ် အခြေခံပညာမူလတန်းအဆင့် မြို့နယ်ပညာရေးမှူးဖလား ကျောင်းပေါင်းစုံ



အမျိုးသားဘောလုံးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ ညနေ ၂ နာရီတွင် မြို့နယ်အားကစားကွင်း၌ ကျင်းပသည်။ ဖွင့်ပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနမ်ရဲမင်က အဖွင့်အမှာစကားပြောကြားပြီး ဒုတိယမြို့နယ်ပညာရေးမှူး ဦးဇီနန်းရမ်က ပြိုင်ပွဲကျင်းပရခြင်းရည်ရွယ်ချက်များနှင့် ပြိုင်ပွဲဝင်ကလေးများအနေဖြင့် အကောင်းဆုံးယှဉ်ပြိုင်ကစားကြရန် အားပေးအမှာစကားပြောကြားကာ အ·ထ·ကနောင်မွန်း၊ အ·မ·က(၁)၊ အ·မ·က(နန်ပန်ဒမ်း)ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများက ရိုးရာအကအလှများဖြင့် ဖျော်ဖြေခဲ့ကြပြီး အဖွင့်ပွဲစဉ်ကို အ·ထ·က(နောင်မွန်း)နှင့် အမက(နန်ပန်ဒမ်း)အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ ၄၅၀ ခန့် တက်ရောက်ခဲ့ကြပြီး ပြိုင်ပွဲတွင် မြို့နယ်အတွင်း ကျောင်းများမှ ဘောလုံးအသင်း ၁၁သင်းကို အုပ်စုနှစ်စုခွဲကာ ဒီဇင်ဘာ ၁ရက်အထိ ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ကြောင်း သိရသည်။

**(ဝဲပုံ)မြို့နယ်(ပြန်/ဆက်)**

## နိုင်ငံသားစိစစ်ရေးကတ်များပြုလုပ်ပေး UID ကောက်ယူခြင်း ကွင်းဆင်းဆောင်ရွက်

**မန္တလေး နိုဝင်ဘာ ၂၀**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး၊အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ် ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ဆောင်ရွက်ခြင်း၊ UID ကောက်ယူခြင်း ကွင်းဆင်းဆောင်ရွက်ခြင်းကို ပုသိမ်ကြီးမြို့နယ် အုန်းချောကျေးရွာအုပ်စု အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)တွင် နိုဝင်ဘာ ၁၉ရက်က ပုသိမ်ကြီးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံးဝန်ထမ်းများက ပန်းခင်းစီမံချက် (၃)ဖြင့် အသက် (၁၈)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်မရှိသူများနှင့် နိုင်ငံသားစိစစ်ရေးကတ်ပျောက်ဆုံး၊ ပျက်စီးသူများအား ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပြီး UIDကတ်ပါ တစ်ပါတည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ဝ၄၅)

# လူမှုစီးပွားမြှင့်တင်ရေးပါတီ (Social Economic Promotion Party)က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၂၀

လူမှုစီးပွားမြှင့်တင်ရေးပါတီ(Social Economic Promotion Party) အတွင်းရေးမှူး ဦးမင်းဇော်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် ဟောပြောချက်စာမူအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှတစ်ဆင့် ပေးပို့လာပါသည်။

အဆိုပါ ဟောပြောတင်ပြချက်စာမူအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ကျွန်ုပ်တို့ လူမှုစီးပွားမြှင့်တင်ရေးပါတီ(Social Economic Promotion Party)အနေဖြင့် မိဘပြည်သူများသို့ ပါတီ၏မူဝါဒနှင့် လုပ်ငန်းစဉ်များကို တင်ပြခွင့်ရအောင် စီစဉ်ပေးပါသော နိုင်ငံတော် အကြီးအကဲများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအား ကျွန်ုပ်တို့ လူမှုစီးပွားမြှင့်တင်ရေးပါတီအနေဖြင့် အထူးကျေးဇူးတင်ရှိပါကြောင်း ဦးစွာပြောကြားလိုပါသည်။

ကျွန်ုပ်တို့ လူမှုစီးပွားမြှင့်တင်ရေးပါတီ(Social Economic Promotion Party)သည် ၂၀၂၅ ခုနှစ်တွင် ကျင်းပမည့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့လူမှုစီးပွားမြှင့်တင်ရေးပါတီ (Social Economic Promotion Party)သည် မိဘပြည်သူများနှင့်အတူ မွေးဖွားခဲ့သော အဖွဲ့အစည်းဖြစ်၍ လက်ရှိ နိုင်ငံတော်တစ်ဝန်းဖြစ်ပေါ်လျက်ရှိသော လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးအကျပ်အတည်းများအား ကျွန်ုပ်တို့ပါတီက မိဘပြည်သူများနှင့် ထပ်တူခံစားရပါသည်။ သို့ပါသောကြောင့် မိဘပြည်သူများအနေဖြင့် ကျွန်ုပ်တို့ပါတီအပေါ် ယုံကြည်စွာလက်တွဲ၍ ဆောင်ရွက်ခွင့်ပေးမည်ဆိုပါက ကိုယ်ကျိုးမဖက်ဘဲ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းကိုလည်း ဦးစွာပထမတင်ပြအပ်ပါသည်။

ပါတီအမည်၏ အဓိပ္ပာယ်ကို ရှင်းလင်းတင်ပြအပ်ပါသည်။

ကျွန်ုပ်တို့အားလုံးသည် "လူသားများ"ဖြစ်သည့်အားလျော်စွာ လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေး စသဖြင့် အကျပ်အတည်းများကို တွေ့ကြုံနေကြရသည်မှာ အမှန်ပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့ ပါတီအနေဖြင့် ၎င်းအကျပ်အတည်းများကို ပပျောက်စေပြီး မိဘပြည်သူများ၏ ကျဆင်းသွားသည့် လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး စသည့်အရာများကို မြှင့်တင်ပေးလိုသော ဆန္ဒဖြင့် ဤပါတီ၏အမည်ကို **လူမှုစီးပွားမြှင့်တင်ရေးပါတီ (Social Economic Promotion Party) S.E.P.P** ဟု ရွေးချယ်ခဲ့ခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့ပါတီအနေဖြင့် (မူလ) ရည်ရွယ်ချက်မှာ- ပြည်ထောင်စုတစ်ဝန်းလုံး ဝင်ရောက်ယှဉ်ပြိုင်ရန် ရည်ရွယ်ခဲ့ပါသော်လည်း အခြေအနေအကြောင်းကြောင်းကြောင့် မန္တလေးတိုင်းဒေသကြီး တစ်ခုတည်းတွင်သာ ယှဉ်ပြိုင်နိုင်ခဲ့ပါသည်။ နောင်လာမည့်ရွေးကောက်ပွဲများတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းကိုလည်း မိဘပြည်သူများထံ ကြိုတင်တင်ပြအပ်ပါသည်။

ကျွန်ုပ်တို့ လူမှုစီးပွားမြှင့်တင်ရေးပါတီ (Social Economic Promotion Party)၏ အမှတ်တံဆိပ်၊ မူဝါဒ၊ ရည်ရွယ်ချက်နှင့် ဆောင်ပုဒ်များကို ဆက်လက်တင်ပြပါမည်။

ပါတီအမှတ်တံဆိပ် (Logo) ပါအရောင်များ၏ အဓိပ္ပာယ်များမှာ-

ပါတီအမှတ်တံဆိပ်ကို အဓိကအားဖြင့်အရောင်(၄)မျိုး ကိုယ်စားပြုပြီး အမှတ်တံဆိပ်(Logo)ဘောင်အတွင်း လူသားတို့စုပေါင်းအားဖြင့် ခေတ်မီတိုးတက်သော နိုင်ငံတော်သစ်ဖြစ်ပေါ်နိုင်ရေးကို ဦးတည် ဖော်ဆောင်ထားပါသည်။

- ❖ ခရမ်းရောင် - ဂုဏ်သရေရှိမှု၊ နက်နဲဆန်းကြယ်မှုနှင့် စိတ်ကူးစိတ်သန်းကောင်းမွန်မှုဟူသော အဓိပ္ပာယ် ဖော်ဆောင်ပါသည်။
- ❖ အနီရောင် - စွမ်းအားရှိခြင်း၊ သတ္တိရှိခြင်း၊ ရဲရင့်ခြင်းတို့ကို ကိုယ်စားပြုပါသည်။
- ❖ အဝါရောင် - ပျော်ရွှင်ခြင်းနှင့် ဘာသာသာသနာထွန်းလင်း တောက်ပစေသည့် အဓိပ္ပာယ်ဖော်ဆောင်ပါသည်။
- ❖ အစိမ်းရောင် - အေးချမ်းမှု၊ ဖွံ့ဖြိုးမှု၊ လန်းဆန်းတက်ကြွမှု၊ ကျန်းမာမှု စသည့် အဓိပ္ပာယ်များကို ဖော်ဆောင်ပါသည်။

ထိုကဲ့သို့သော အရောင်များ၏ လျှို့ဝှက်သော အဓိပ္ပာယ်များနှင့် အတူ နိုင်ငံသူ နိုင်ငံသားအားလုံး တစ်စိတ်တစ်ဝမ်းတည်း စည်းလုံးမှု၊ ညီညွတ်မှုဖြင့် တန်းတူညီမျှသော အခွင့်အရေးရရှိပြီး တညီတညွတ်တည်းအင်အားဖြင့် နိုင်ငံတော်အရေးအား ပါတီက ဦးဆောင်အကောင်အထည်ဖော်ဆောင်သွားမည်ဟု အဓိပ္ပာယ်ရပါသည်။

ပါတီ၏ မူဝါဒများကို တင်ပြပေးရမည်ဆိုလျှင် -

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခြေခံပြီး တိုင်းရင်းသားပြည်သူများ၏ သဘောဆန္ဒရယူကာ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေး စသော ကဏ္ဍအသီးသီးတွင် "နိုင်ငံသားအခွင့်အရေး" ကို ပြည့်ဝစွာရရှိနိုင်စေရန် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးကို ဦးစားပေးဆောင်ရွက်မည်။

ပါတီ၏ ရည်ရွယ်ချက်၊ ရည်မှန်းချက်များမှာ -

- ❖ အလုပ်အကိုင် အခွင့်အလမ်းနှင့် လူတိုင်း အခြေခံဝင်ငွေ ဖူလုံစွာ ရရှိနိုင်ရေး။
- ❖ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်နှင့် ပြည်သူ့အစိုးရတစ်ရပ် ပေါ်ပေါက်ရေး။
- ❖ ပါတီက ကိုယ်စားပြုရွေးချယ်သော ကိုယ်စားလှယ်သည် ပြည်သူက ရွေးချယ်သည့် ပြည်သူ့ကိုယ်စားလှယ် အစစ်အမှန်ဖြစ်ရေး - စသည်တို့ဖြစ်ပါသည်။

ပါတီ၏ ဆောင်ပုဒ်များမှာ -

- ❖ ပြည်သူ့အစိုးရ ...... ပြည်သူသာဖြစ်ရမည်။
- ❖ ပြည်သူ့အာဏာ ... ပြည်သူပိုင်ရမည်။
- ❖ ပြည်သူ့ဆန္ဒမဲ ..... ပြည်သူကိုပေးရမည်။
- ❖ ပါတီသည်အစဉ်အမြဲပြည်သူ့အတွက်ဖြစ်ရမည်၊ ပြည်သူသည် ပါတီအတွက်မဟုတ်

စသည်တို့ ဖြစ်ပါသည်။

မိဘပြည်သူများအနေဖြင့် လက်ရှိဖြစ်ပေါ်လျက်ရှိသော နိုင်ငံရေးအခက်အခဲများသည် နိုင်ငံတွင်း ပြဿနာတစ်ခုတည်းမဟုတ်ဘဲ ပြည်ပနိုင်ငံများ၏ သွေးထိုးလှုံ့ဆော်မှုများပါဝင်နေကြောင်းကို တိုင်းရင်းသားမိဘပြည်သူများသိရှိပြီးဖြစ်ပါသည်။ ကျွန်ုပ်တို့ နိုင်ငံသည် တိုင်းရင်းသားပေါင်းစုံ စုစည်းနေထိုင်လျက်ရှိသော နိုင်ငံဖြစ်သည့်အားလျော်စွာ ငြိမ်းချမ်းရေးအတွက် နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းဆောင်ရွက်သွားမည်ဆိုပါက ပိုမိုသင့်တော်ပါမည်ဟု ကျွန်ုပ်တို့ပါတီအနေဖြင့် တင်ပြအပ်ပါသည်။

နိဂုံးချုပ်အနေဖြင့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံးက မြန်မာနိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းမှုရရှိနိုင်ရေးအတွက် ဆန္ဒမဲပေးခြင်းဖြင့် ကူညီဆောင်ရွက်ပေးကြပါဟု တိုက်တွန်းရင်း **"လူထုဘဝမြှင့်တင်ဖို့... S.E.P.P မဲပေးစို့"** ဟု တင်ပြလိုက်ရပါသည်။

## ကျောက်ဆည်ကန် ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် သစ်တောဥပဒေ ပုဒ်မ(၆)၊ ပုဒ်မခွဲ(င)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၅၉၆၃) ဧကရှိသော နယ်မြေကို **"ကျောက်ဆည်ကန် ကြိုးပြင်ကာကွယ်တော"** အဖြစ် အမိန့်ကြော်ငြာစာအမှတ် (၉၅/၂၀၂၅) အရ ၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် (၂) ရက် (၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် အပူပိုင်းဒေသ၏ သဘာဝတောကျန်များအား ထိန်းသိမ်းခြင်းကြောင့် ပတ်ဝန်းကျင်ဒေသအား အပူချိန်လျော့နည်းကျဆင်းပြီး ပူပြင်းခြောက်သွေ့မှုကာကွယ်ရန်၊ ရာသီဥတုသာယာမျှတစေပြီး စိမ်းလန်းစိုပြည်သာယာလှပစေရန်၊ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု လျော့နည်းသက်သာစေရန်၊ မြေဆီလွှာတိုက်စားမှုများ တားဆီးကာကွယ်ရန်နှင့် အပူပိုင်းသစ်တောများ ထိန်းသိမ်းရန် ရည်ရွယ်၍ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများအဖြစ် ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်ပါသည်။

ကျောက်ဆည်ကန် ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းဖြင့် အဆိုပါဧရိယာအတွင်း ပေါက်ရောက်လျက်ရှိသော ဒေသမျိုးရင်းသစ်မျိုးများဖြစ်သည့် ကညင်၊ သစ်ယား၊ သတီ၊ ဒီဒူး၊ အင်၊ အင်ကြင်း၊ သစ်ရာ၊ ပျဉ်းကတိုး၊ တမလန်း၊ ကြက်ရိုး၊ လယ်ဇ၊ လင်းရော၊ နဘဲ၊ ဖျောက်ဆိပ်၊ ဒဟတ်၊ ထောက်ကြံ့၊ တောင်တမာ၊ တောင်သရက်၊ သစ်စေး၊ ယမနေ၊ ရင်းမာစသည့် သစ်မျိုးများအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ချေ(ဂျီ)၊ မျောက်၊ တောဝက်၊ ဘုတ်ငှက်၊ သစ်တောက်ငှက်၊ ရစ်ငှက်၊ အောင်လောင်ငှက် စသည့်တိရစ္ဆာန်များ၏ နေထိုင်ကျက်စားရာဒေသအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ သဲကန္တာရဖြစ်ထွန်းမှုတိုက်ဖျက်ရေး အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်ခြင်း၊ မြေဆီလွှာထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်ခြင်း၊ မြေအောက်ရေထိန်းသိမ်းနိုင်ခြင်းနှင့် သစ်တောဖုံးလွှမ်းမှုတိုးလာပြီး ရာသီဥတု ပိုမိုကောင်းမွန်လာနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။


ကျောက်ဆည်ကန်ကြိုးပြင်ကာကွယ်တော သဘာဝရှုခင်းပုံ။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်
ထိန်းသိမ်းရေးဝန်ကြီးဌာန



## ကလောမြို့ မြို့မဈေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ကလော နိုဝင်ဘာ ၂၀**

ကလောမြို့နယ်စည်ပင်သာယာရေးဌာနပိုင် ကလောမြို့မဈေးအတွင်း နိုဝင်ဘာ ၁၉ ရက် လကွယ်နေ့ ဈေးပိတ်ရက်၌ စည်ပင်သာယာရေးဌာန သန့်ရှင်းရေးဝန်ထမ်းများနှင့် မြို့သန့်ရှင်းရေးကော်မတီဝန်ထမ်းများက ဈေးအတွင်းရှိ ပေါင်းမြက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေမြောင်းများ ဆယ်ယူခြင်းဆောင်ရွက်ခဲ့ရာ မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်၊ ဈေးအကျိုးတော်ဆောင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(ကဆ)

စာအုပ်စာပေ လူ့မိတ်ဆွေ။




## အက်သလက်တီကိုမက်ဒရစ်အသင်းတွင်သာ ပျော်ရွှင်လျက်ရှိဟု ဂေါ်နာဂယ်လာဂါ ပြောကြား



**မက်ဒရစ် နိုဝင်ဘာ ၂၀**

အက်သလက်တီကိုမက်ဒရစ်အသင်း ကွင်းလယ်ကစားသမား ဂေါ်နာဂယ်လာဂါက မိမိအနေဖြင့် အသင်းမှ ထွက်ခွာမည် ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ပျော်ရွှင်လျက်ရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၄င်းက အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

ကွင်းလယ်ကစားသမား ဂေါ်နာဂယ်လာဂါသည် အက်သလက်တီကိုမက်ဒရစ်အသင်းနှင့်အတူ ၂၀၂၄-၂၀၂၅မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၆၆ပွဲကစားပြီး ၆ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

အသက်(၂၅)နှစ်အရွယ်ရှိ ဂေါ်နာဂယ်လာဂါက "ကျွန်တော် ဒီအသင်းမှာ ပျော်ရွှင်နေပါတယ်။ ဒီအသင်းနဲ့အတူ ဆုဖလားများစွာ ရယူသိမ်းပိုက်သွားမှာပါ"ဟု ပြောသည်။

**(အပေါ်ဝဲပုံ) (NGB)**

## နည်းပြ ဖူလ်ဟမ်အသင်း မာကိုဆေးလ်ဗားကို သုံးနှစ်စာချုပ်သက်တမ်းတိုးရန် ဖူလ်ဟမ်အသင်း ကမ်းလှမ်း

**လန်ဒန် နိုဝင်ဘာ ၂၀**

ဖူလ်ဟမ်အသင်းသည် အသင်းနည်းပြ မာကိုဆေးလ်ဗားကို သုံးနှစ်စာချုပ်သက်တမ်းတိုးရန် ကမ်းလှမ်းခဲ့သည်။

ဖူလ်ဟမ်အသင်းသည် လက်ရှိအချိန် ရလဒ်များ ကောင်းမွန်ခြင်းမရှိသော်လည်း အသင်း



နည်းပြ မာကိုဆေးလ်ဗားကို စာချုပ်သက်တမ်းတိုးရန် ကမ်းလှမ်းလာခြင်းဖြစ်သည်။

နည်းပြ မာကိုဆေးလ်ဗားသည် ဖူလ်ဟမ်အသင်းအား ၂၀၂၁ ခုနှစ် ဇူလိုင် ၁ ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၁၉၈ ပွဲ တွင် ၈၆ ပွဲ နိုင်၊ ၄၃ ပွဲ သရေ၊ ၆၉ ပွဲ ရှုံး ရလဒ်ပိုင်ဆိုင်ထားသည်။

ဖူလ်ဟမ်အသင်းထုတ်ပြန်ချက်တွင် "မာကိုဆေးလ်ဗားကို သုံးနှစ်စာချုပ်သက်တမ်းတိုးရန် ကမ်းလှမ်းထားပါတယ်။ သူဟာ အသင်းအတွက် နည်းပြကောင်းတစ်ယောက်ပါ"ဟု ထုတ်ပြန်သည်။ **(ဝဲပုံ)(NGB)**

## နည်းပြ စတိဗ်မက္ကလာရင်ကို နည်းပြရာထူးမှ ဂျမေကာအသင်း ထုတ်ပယ်

**လန်ဒန် နိုဝင်ဘာ ၂၀**

ဂျမေကာအသင်းသည် အသင်းနည်းပြ စတိဗ်မက္ကလာရင်ကို နည်းပြရာထူးမှ ထုတ်ပယ်လိုက်ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

ဂျမေကာအသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလား ခြေစစ်ပွဲ တိုက်ရိုက်အောင်မြင်ခွင့် ဆုံးရှုံးခဲ့ပြီးနောက် နည်းပြ စတိဗ်မက္ကလာရင်ကို နည်းပြရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

နည်းပြ စတိဗ်မက္ကလာရင်သည် ဂျမေကာအသင်းအား ၂၀၂၄ ခုနှစ် ဩဂုတ် ၁ ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၂၄ ပွဲ တွင် ၁၃ ပွဲ နိုင်၊ ၅ ပွဲ သရေ၊ ၆ ပွဲ ရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

ဂျမေကာအသင်းထုတ်ပြန်ချက်တွင် "နည်းပြ စတိဗ်မက္ကလာရင်ကို နည်းပြရာထူးမှ ထုတ်ပယ်လိုက်ပါပြီ။ အသင်းအနေနဲ့လည်း နည်းပြသစ်တစ်ဦး အမြန်ဆုံး ရှာဖွေခန့်အပ်သွားမှာပါ"ဟု ထုတ်ပြန်သည်။

**(အောက်ပုံ)**

**(NGB)**



## တိုမီနေးကို ခေါ်ယူရန် အဲဗာတန်အသင်း စီစဉ်

**လန်ဒန် နိုဝင်ဘာ ၂၀**


အဲဗာတန်အသင်းသည် နာပိုလီအသင်း ကွင်းလယ်ကစားသမား တိုမီနေးကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၈)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် နာပိုလီအသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲ ၅၀ကစားပြီး ၁၇ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အဲဗာတန်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

နာပိုလီအသင်းကလည်း တိုမီနေးအတွက် ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၆၂ သန်း ပေးချေပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် အဲဗာတန်အသင်း အနေဖြင့် နာပိုလီအသင်းထံမှ တိုမီနေးကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(အောက်ပုံ)(NGB)**




## ဆန်ချိုကို ခေါ်ယူရန် တူရကီကလပ်အသင်းများ အပြိုင်စိတ်ဝင်စား

**လန်ဒန် နိုဝင်ဘာ ၂၀**

တူရကီကလပ်အသင်းများဖြစ်သည့် ဂါလာတာစာရေး၊ ဖီနာဘာချီ၊ ဘီဆစ်တပ်စ် စသည့် အသင်းများသည် မန်ယူအသင်းမှ ထွက်ခွာမည်ဖြစ်သော တောင်ပံကစားသမား ဆန်ချိုကို ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။ **(ယာပုံ)**

အသက်(၂၅)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် ယခုနှစ်ဘောလုံးရာသီတွင် မန်ယူအသင်းမှ အက်စတွန်ဗီလာအသင်းသို့ အငှားပြောင်းရွှေ့ကစားပြီး ပြိုင်ပွဲစုံ ရှစ်ပွဲ ကစားပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် တူရကီကလပ်အသင်းများက အပြိုင်စိတ်ဝင်စားလာခြင်းဖြစ်သည်။



မန်ယူအသင်းကလည်း ဆန်ချိုကို လာမည့် ဆောင်းရာသီ ဈေးကွက်အတွင်းတွင် အသင်းမှ ထွက်ခွာခွင့်ပြုထားသည်။

ထို့ကြောင့် တူရကီကလပ်အသင်းများဖြစ်သည့် ဂါလာတာစာရေး၊ ဖီနာဘာချီ၊ ဘီဆစ်တပ်စ် အသင်းတို့အနေဖြင့် မန်ယူအသင်းမှ ထွက်ခွာဖွယ်ရှိသော ဆန်ချိုကို မည်သည့်အသင်းက ခေါ်ယူသွားနိုင်မည်လဲဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(NGB)**

## မီလီတို ကြွက်သားဒဏ်ရာကြောင့် တစ်လနီးပါးခန့် အနားယူရဖွယ်ရှိ

**မက်ဒရစ် နိုဝင်ဘာ ၂၀**

ဘရာဇီးလက်ရွေးစင်အသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်း နောက်ခံကစားသမား မီလီတို



ကြွက်သားဒဏ်ရာကြောင့် တစ်လနီးပါးခန့် အနားယူရဖွယ်ရှိသည်။

အဆိုပါ နောက်ခံကစားသမားသည် နိုင်ငံ့လက်ရွေးစင်အသင်းဖြစ်သည့် ဘရာဇီးလက်ရွေးစင်အသင်းအတွက် ပါဝင်ကစားရင်း ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

နောက်ခံကစားသမား မီလီတို ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ကလပ်အသင်းဖြစ်သည့် ရီးရဲလ်မက်ဒရစ်အသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၇)နှစ်အရွယ်ရှိ နောက်ခံကစားသမား မီလီတိုသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၁၉-၂၀၂၀မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၈၆ ပွဲကစားပြီး ၁၃ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

**(ဝဲပုံ)**

**(NGB)**

## 2025 Quito Open တင်းနစ်ပြိုင်ပွဲ နိုဝင်ဘာ ၃၀ ရက်တွင် စတင်မည်

**လန်ဒန် နိုဝင်ဘာ ၂၀**

အီကွေဒေါနိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသမီး တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Quito Open တင်းနစ်ပြိုင်ပွဲ လာမည့် နိုဝင်ဘာ ၃၀ ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2025 Quito Open တင်းနစ်ပြိုင်ပွဲကို နိုဝင်ဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၇ ရက်အထိ ရှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2025 Quito Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

2025 Quito Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဖြစ်သောသူသည် ဆုကြေးငွေအဖြစ် အမေရိကန် ဒေါ်လာ ၄၉၄၃၁၀ ရရှိသွားမည် ဖြစ်သည်။

**(အောက်ပုံ)**

**(NGB)**



### အင်္ဂလိပ် ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၆) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဝေးရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၂-၁၁-၂၀၂၅ | (၄)ပရက်စတန် – ဘလက်ဘန်း(၁၉) | ပရက်စတန် ၀-၀ ဘလက်ဘန်း | ပရက်စတန်(အိမ်) | ၈ | ၅ | ၂ | ၁ | ၁၂ | ၇ |
| နံနက်၀၂:၃၀နာရီ | (L,W,W,W,D) (L,W,W,W,L) | ဘလက်ဘန်း ၂-၁ ပရက်စတန် | ဘလက်ဘန်း(ဝေး) | ၇ | ၄ | - | ၃ | ၇ | ၆ |

### ပြင်သစ် လီဂူး ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၃) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဝေးရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၂-၁၁-၂၀၂၅ | (၉)နိစ် – မာဆေး(၂) | နိစ် ၂-၀ မာဆေး | နိစ်(အိမ်) | ၆ | ၄ | ၁ | ၁ | ၁၀ | ၅ |
| နံနက်၀၂:၁၅နာရီ | (W,W,W,L,L) (W,L,D,W,W) | မာဆေး ၂-၀ နိစ် | မာဆေး(ဝေး) | ၆ | ၃ | - | ၃ | ၇ | ၅ |

### ဂျာမန် ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၁) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဝေးရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၂-၁၁-၂၀၂၅ | (၁၇)မိန့်ဇ် – ဟော့ဖန်ဟိမ်း(၆) | မိန့်ဇ် ၂-၀ ဟော့ဖန်ဟိမ်း | မိန့်ဇ်(အိမ်) | ၅ | - | ၁ | ၄ | ၄ | ၉ |
| နံနက်၀၂:၀၀နာရီ | (L,L,L,D,L) (L,W,W,W,W) | ဟော့ဖန်ဟိမ်း ၂-၀ မိန့်ဇ် | ဟော့ဖန်ဟိမ်း(ဝေး) | ၅ | ၄ | ၁ | - | ၁၃ | ၆ |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၃) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဝေးရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၂-၁၁-၂၀၂၅ | (၁၇)ဗလင်စီယာ – လီဗန်တေး(၁၉) | ဗလင်စီယာ ၁-၁ လီဗန်တေး | ဗလင်စီယာ(အိမ်) | ၆ | ၂ | ၂ | ၂ | ၈ | ၆ |
| နံနက်၀၂:၃၀နာရီ | (L,D,L,L,D) (W,L,D,L,L) | လီဗန်တေး ၃-၄ ဗလင်စီယာ | လီဗန်တေး(ဝေး) | ၇ | ၂ | ၂ | ၃ | ၁၀ | ၉ |

# ရိုးမ မန္တလေးအပြည်ပြည်ဆိုင်ရာ မာရသွန် ၂၀၂၆ ကျင်းပနိုင်ရေး အကြိုလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**မန္တလေး နိုဝင်ဘာ ၂၀**

ရိုးမ မန္တလေးအပြည်ပြည်ဆိုင်ရာ မာရသွန် ၂၀၂၆ ကျင်းပနိုင်ရေးအကြိုလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီခွဲက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး ရှစ်ထပ်ဆောင် အစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်း တက်ရောက်ဆွေးနွေးသည်။

အစည်းအဝေးသို့ တိုင်းဒေသကြီးအားကစားနှင့် ကာယပညာ ဦးစီးဌာန တိုင်းဦးစီးမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ ကျန်းမာရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ တိုင်းကြက်ခြေနီတပ်ဖွဲ့တို့မှ တာဝန်ရှိကော်မတီအဖွဲ့ဝင်များ၊ ရိုးမကုမ္ပဏီအုပ်စုမှ အကြီးတန်းမန်နေဂျာနှင့် ပြိုင်ပွဲကြီးကြပ်ရေးတာဝန်ခံအဖွဲ့ဝင်များ တက်ရောက်ကြသည်။

Yoma Mandalay International Marathon 2026 ကို လာမည့် ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၄ ရက်တွင် မန္တလေးမြို့တွင်း ၂၆ လမ်းနှင့် ၆၆ လမ်းမြို့ရိုးကျုံးအတွင်း လမ်းများအား လက်ယာရစ်ပြေးလမ်းအူကြောင်းသတ်မှတ်၍ ၂၁ ကီလိုမီတာ၊ ၁၀ ကီလိုမီတာ၊ ၅ ကီလိုမီတာ အတန်းအစားသုံးမျိုးအား ကျင်းပသွားမည်ဖြစ်ပြီး မာရသွန်ပြိုင်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုံခြုံရေးလမ်းကြောင်းနှင့် ယာဉ်ကြောစီမံခန့်ခွဲရေး၊ အခမ်းအနားပြင်ဆင်ရေး၊ မာရသွန်ပြိုင်ပွဲအတွက် လှူဆော်ရေးဆိုင်းဘုတ်များ ထားရှိရေး၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတို့မှ အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ အားကစားအဖွဲ့ချုပ်နှင့် ဒိုင်လူကြီးများ ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များ၊ ကျန်းမာရေးဝန်ဆောင်မှုများ ပြင်ဆင်ထားရှိခြင်းနှင့် မီးသတ်၊ ကြက်ခြေနီ၊ စေတနာ့ဝန်ထမ်းများ ပါဝင်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ မာရသွန်ပြိုင်ပွဲလမ်းကြောင်းတစ်လျှောက် ၂၁ ကီလိုမီတာ၊ ၁၀ ကီလိုမီတာ၊ ၅ ကီလိုမီတာအတွင်း စည်းကမ်းထိန်းသိမ်းရေး၊ ကျန်းမာရေး၊ ကျွေးမွေးဧည့်ခံရေးကိစ္စရပ်များအတွက် နေရာအတည်ပြုသတ်မှတ်ခြင်းနှင့် ဆုချီးမြှင့်မည့် အစီအစဉ်များ၊ ပြင်ဆင်ခြင်းလုပ်ငန်းများကို သတ်မှတ်ရက် ၂ ရက် ကြိုတင်ပြင်ဆင်ဆောက်လုပ်ပြီးစီးရေးနှင့် လိုအပ်သော ကော်မတီများ ဖွဲ့စည်းဆောင်ရွက်ရေးကိစ္စရပ်များကို အသီးသီးဆွေးနွေးခဲ့ကြသည်။

အဆိုပါ ရိုးမ မန္တလေးအပြည်ပြည်ဆိုင်ရာမာရသွန် ၂၀၂၆ ပြိုင်ပွဲတွင် ဇထူးကွင်းမှစတင် တာထွက်ပြီး အထွက်၊ အဝင်လမ်းများ သတ်မှတ်ပြီး ပြိုင်ပွဲဝင်အားကစားသမား ဦးရေ ၃၀၀၀ အထိ ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း၊ အတန်းအစားသုံးမျိုးတွင် ပထမဆုငွေကျပ်သိန်း ၂၀၊ ဒုတိယဆုငွေကျပ် ၁၅ သိန်း၊ တတိယဆုငွေကျပ် ၁၀ သိန်း၊ အဆင့်(၄)မှ (၁၀)အထိ ငွေကျပ် ၅ သိန်းစီ ချီးမြှင့်မည်ဖြစ်ကြောင်းနှင့် ပြည်သူလူထု၊ ကျောင်းသား၊ ကျောင်းသူ၊ အားကစားသမားများ ပါဝင်၍ ဆင်နွှဲနိုင်ရေးကြိုတင်အသိပေးလျက် သတင်းစာ၊ ရေဒီယို (FM)နှင့် လူမှုကွန်ရက်ဖေ့ဘွတ်(ခ်)တို့တွင် အသိပေးဖြန့်ဝေရေးနှင့် စာရင်းပေးသွင်းနိုင်ရေးကိစ္စရပ်များကို စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အစည်းအဝေး၌ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်)



## စာဆိုတော်နေ့အထိမ်းအမှတ် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပ

**မကွေး နိုဝင်ဘာ ၂၀**

နိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက် ရှင်သန်နိုင်ရေး၊ လူငယ်ထုများအကြားတွင် စာဖတ်ရှိန်မြှင့်တင်နိုင်စေရန် ရည်ရွယ်၍ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက မကွေးခရိုင်လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။ (အပေါ်ပုံ)

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးဦးတင်ကိုဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြန်မာ့ဆက်သွယ်ရေး တိုင်းဒေသကြီး မန်နေဂျာ ဦးသက်မော်က သုတ၊ ရသစာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။

ထို့နောက် စာအုပ်လှူဒါန်းပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT)ရုံးဝန်ထမ်းများက စုပေါင်းလှူဒါန်းသည့်စာအုပ် ၃၂၀ အုပ်အား မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း တိုင်းဒေသကြီး မန်နေဂျာ ဦးသက်မော်က ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီး ညွှန်ကြားရေးမှူးက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာအား ပြန်လည်ပေးအပ်ခဲ့သည်။

အခမ်းအနားအပြီးတွင် တာဝန်ရှိသူများနှင့် ဝန်ထမ်းများက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် စာအုပ်၊စာစောင်များအား လှည့်လည်ကြည့်ရှုခဲ့ကြပြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ စာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ်နိုင်ငံတဝန်းရှိ MPT ရုံးအသီးသီးတွင် သတ်မှတ်ထားသည့် စာကြည့်တိုက်များသို့ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းသွားမည့်ဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်ဆက်)**

၀-၀-၀-၀-၀

## နန်းယွန်းမြို့တွင် မဲရုံမှူး၊ ဒုတိယမဲရုံမှူးများအား သင်တန်းပို့ချ

**နန်းယွန်း နိုဝင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့တွင် မဲရုံမှူး၊ ဒုတိယမဲရုံမှူးသင်တန်းကို ၂ ရက်ကြာ ဖွင့်လှစ်သင်ကြားပေးသည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလတွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက်မဲရုံမှူး၊ ဒုတိယမဲရုံမှူး သင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ပြီး နိုဝင်ဘာ ၁၈ ရက် နံနက် ၉ နာရီခွဲက နန်းယွန်းမြို့နယ် စုပေါင်းရုံးခန်းမတွင် သင်တန်းဖွင့်ပွဲ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် နန်းယွန်းမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအာကာတင်ဦးက သင်တန်းဖွင့်အမှာစကားပြောကြားပြီး နန်းယွန်းမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ဦးစီးအရာရှိ ဦးနှစ်သစ်ကူးက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မဲရုံမှူး၊ ဒုတိယမဲရုံမှူးများအား သင်တန်းစတင်ပို့ချခဲ့ပြီး သင်တန်းကို အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းမှ ဆရာ၊ ဆရာမ (၁၇၉)ဦးတက်ရောက်ကာ နိုဝင်ဘာ ၁၈ ရက်နှင့် ၁၉ ရက်များတွင် သင်တန်းပို့ချခဲ့သည်။

ဖွင့်ပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး ရဲမှူး ခင်မောင်ထွေးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ ဦးစီးအရာရှိနှင့်အဖွဲ့ဝင်များ၊ အခြေခံပညာအထက်တန်းကျောင်း၊ ကျောင်းအုပ်ဆရာကြီး ဦးရှန်ယုန်နှင့် ဆရာကြီး၊ ဆရာမကြီးများ၊ သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမများ တက်ရောက်ခဲ့ကြောင်းသိရသည်။

(၃၉၄)



## မဲပေးစက်ဆိုင်ရာ အသိပညာပေး ဟောပြောခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း ပြုလုပ်

**မန္တလေး နိုဝင်ဘာ ၂၀**

၂၀၂၅ ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးတွင် အသုံးပြုမည့် မြန်မာအီလက်ထရောနစ်မဲပေးစက်များအကြောင်း ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်အတွက် မဲပေးစက်ဆိုင်ရာ အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို ယနေ့နံနက် ၁၀ နာရီက ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာ၊ အရှေ့ရပ်ကွက်ရှိ အမှတ်(၁၄)အခြေခံပညာအထက်တန်းကျောင်း ပန်းမျိုးတစ်ရာခန်းမ၌ ပြုလုပ်သည်။ (အပေါ်ပုံ)

အခမ်းအနားသို့ မန္တလေးခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုးထွန်း၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်သူနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲအရာရှိ ဒေါ်စုလဲ့ရည်ထွေးနှင့် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာ ဝန်ထမ်းများ တက်ရောက်ကြသည်။

အစီအစဉ်အရ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲအရာရှိက မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး ဌာနဆိုင်ရာ ဝန်ထမ်းများက တစ်ဦးချင်းစမ်းသပ်မဲပေးခဲ့ကြကြောင်း သိရသည်။

(ဝ၄၁)

# မန္တလေးမြို့က မြို့မ အပျော်တမ်းတူရိယာအသင်းကြီး၏ ရှင်သန်မှုနေ့စွဲများ

၂၀၂၅ ခုနှစ်တွင် မန္တလေးမြို့၌ မန္တလေး တက္ကသိုလ်ရာပြည့်ပွဲနှင့် မြို့မအပျော်တမ်းတူရိယာ အသင်း ရာပြည့်ပွဲ(နှစ်တစ်ရာပြည့်)ပွဲနှစ်ခုဖြင့် ကြုံကြိုက်သည့်နှစ်ဖြစ်ရာ ရာပြည့်ပွဲတော်နှစ်ခု ဆုံသည့် မန္တလေးမြို့၏ မှတ်မှတ်ရရ နေ့စွဲတစ်ခု ဟု ဆိုရပေမည်။

များသောအားဖြင့် ဂီတဝိုင်းများမှာ ရေရှည် တည်တံ့ဖို့ ခဲယဉ်းလှသည်ဖြစ်သော်လည်း မန္တလေး မြို့က မြို့မအပျော်တမ်းတူရိယာ အသင်းကြီး သည် စုစည်းစည်းနှင့် ရှင်သန်တည်တံ့လျက် ရှိရာ ၂၀၂၅ ခုနှစ်တွင် နှစ်တစ်ရာ ပြည့်ခဲ့ပြီဖြစ် သည်။

မြို့မ ရာပြည့်ပွဲသဘင်ကို ၇၈လမ်းနှင့်၃၈ လမ်း ရတနာပုံခန်းမ၌ နိုဝင်ဘာ ၂၇ ရက် နံနက် ၉ နာရီမှ ၁၂ နာရီထိ ကျင်းပမည်ဖြစ်ပြီး ထိုနေ့ တွင် အဆိုပြိုင်ပွဲမှ ဆုရသူများအား ဆုချီးမြှင့် ခြင်း၊ ဧည့်ခံတေးသီချင်း၊ သကြိ်န်သီချင်းများနှင့် ဖျော်ဖြေခြင်းတို့ ပါဝင်မည်ဖြစ်သည်။ ရန်ကုန်မြို့ မှ အဆိုတော်များနှင့် ဂီတပညာရှင်များလည်း လာရောက်အားပေးကြမည်ဟု သိရသည်။





**ဦးခင်မောင်သန်း(တေးချစ်သူ)**
**(မြို့မအသင်း နာယက)**

ဆရာငြိမ်းတို့ငယ်ငယ်က ဂီတဝါသနာရှင် တွေ စုစည်းတည်ထောင်ခဲ့တဲ့ အသင်းပါ။ မယ် ဒလင်၊ ဘင်ဂျို၊ တယော၊ ဒုံမင်း စတဲ့ တူရိယာ ပစ္စည်းတွေနဲ့ ညနေပိုင်းဆိုရင် တီးကြ၊ ဆိုကြ တယ်။ အဲ့ဒီတုန်းက မြို့မရယ်လို့ ဖြစ်မလာသေး ဘူး။ တေးချစ်သူက မြို့မရဲ့ မြေးလို့ ပြောရမယ်။ အဲ့ဒီတုန်းက မြို့မ၊ သင်္ဂဟ၊ တေးချစ်သူ၊ နယဉ်၊ ဂီတလုလင်၊ မိုးကေသီ စတဲ့ ဂီတဝိုင်းတွေရှိ တယ်။ အားလုံးက သူငယ်ချင်းတွေပေါ့။ တီးဝိုင်း အချင်းချင်း တွေ့ပြီဆိုရင် ဝိုင်းအနေနဲ့ ပြိုင်ကြ ပေမယ့် တစ်ယောက်နဲ့တစ်ယောက်က ခင်ခင် မင်မင်ပဲ။ မြို့မမှာ ဆရာငြိမ်းပြီးတော့ ဆရာဦးဘ သိန်း၊ ဆရာညွှာ၊ နန်းတော်ရှေ့ဆရာတင် နောက်ပြီး ဆရာဦးဘိုခင်၊ ဆရာပေါ၊ ဦးရွှန်းမြိုင် စတဲ့ ဂီတပညာရှင်ကြီးတွေပေါ့။ သူတို့အတော် များများက မြို့မမှာ ဂီတမှူးတွေ လုပ်ခဲ့ကြပြီး တေးသီချင်းတွေ ရေးခဲ့ကြတယ်။

တီးဝိုင်းဆိုတာ များသောအားဖြင့် ခွဲထွက် ပြီး ဝိုင်းတွေထောင်ကြတာပဲ။ ဘယ်လိုပဲဖြစ်ဖြစ် အသင်းသားတွေက ထိန်းသိမ်းကြတယ်။ မျိုးဆက်သစ်တွေကို အတီးအမှုတ်တွေ၊ အဆို ပညာတွေသင်ပေးနေသလို ဆရာတင်၊ ဆရာငြိမ်း၊ ဆရာဦးဘသိန်းတို့ ဆရာဦးဘိုခင်တို့ ဆရာပေါ တို့ရဲ့ ရေးအားကောင်းမှုနဲ့ ဂီတသံစဉ်တွေကြောင့် ဒီနေ့ထိ မြို့မအသင်းကြီးက ရှင်သန်အောင်မြင် နေတာပါ။ အဲ့ဒီဆရာကြီးတွေက မဟာဂီတကို ပိုင်နိုင်တယ်။ စာတွေ များများဖတ်ကြတယ်။ ဒါတွေကြောင့် သူတို့ရေးတဲ့ တေးသီချင်းတွေမှာ စာသားတွေက နူးညံ့သိမ်မွေ့သလိုဆိုတဲ့နေရာမှာလည်း ပညာသား ပါတယ်။ ပြောရရင် သံစဉ်တွေကောင်းပြီး ပြေပြစ် တယ်။ စာသားတွေ သိမ်မွေ့နူးညံ့ပြီး အဓိပ္ပာယ် ကောင်းတယ်။ သီချင်းတစ်ပုဒ်ရေးပြီးတာနဲ့ ကောင်း မှ ဝိုင်းပေါ်တင်ပြီး ဆိုတယ်။ ဒါကြောင့်လည်း မြို့မသီချင်းတွေက ဒီနေ့တိုင် မရိုးနိုင်အောင်ရှိနေ သလို သကြိ်န်မှာ မြို့မသီချင်း မပါရင် မပြီးဘူး။ မြို့မအသင်းနာယက၊ အလုပ်အမှုဆောင်အဖွဲ့နဲ့ အသင်းသားတွေရဲ့ ညီညွတ်မှုကြောင့် ရာပြည့်ပွဲ ကြီးကို ရောက်လာခဲ့ပါပြီ။

ရတနာပုံဗုဒ္ဓဝေယျာဝစ္စအသင်းဆိုတဲ့ နာမည် ကနေ ဦးတော်လုံရဲ့ ငွေကြေးထောက်ပံ့မှုနဲ့ စန္ဒယား၊ ကလယ်ရီနက်တို့ ဆိုက်ဆိုဖုန်း၊ ထရမ်းပက်တို့ စတဲ့ တူရိယာပစ္စည်းတွေ ဝယ်ပြီးတဲ့နောက် သင်ကြား လေ့ကျင့်ကြပြီး ဝါသနာရှင်တွေနဲ့ မြို့မအသင်းကို တည်ထောင်ခဲ့တယ်။ မြို့မအပျော်တမ်းတူရိယာ အသင်းဆိုတဲ့ ဂီတဝိုင်းလေးတစ်ခုက ဒီနှစ်မှာ နှစ် ၁၀၀ တိုင်ရောက်ခဲ့ပါပြီ။ ကြံ့တောင့်ကြံ့ခံဖြစ်သလို ခမ်းခမ်းနားနားကျင်းပသွားမှာဖြစ်တဲ့အတွက် ဂီတ သမားတွေအားလုံးက ဝမ်းသာကြည်နူး ဂုဏ်ယူနေ ကြမှာ အမှန်ပါပဲ။



**ဒေါက်တာလှခိုင်(မြို့မအသင်းဥက္ကဋ္ဌ)**

မြို့မငြိမ်း၊ ဓားတန်းဦးသန့်၊ ပန်းချီဆရာကြီး ဦးဘသက်၊ ဧရာဝတီသဘော်စာရေးကြီး ဦးမြသိန်း တို့က Founder တွေပေါ့။ အဲ့ဒီတုန်းက အပျော် တမ်း တေးဂီတဝိုင်းပေါ့။ စောင်းတွေ၊ တယော တွေ၊ ဗျပ်စောင်းတွေနဲ့ လူစုပြီး တီးကြတယ်။ အဲ့ဒီတုန်းက အလှူအတန်းတွေ ဝါဆိုပန်းကပ်တွေ ဆွမ်းကြီးလောင်းပွဲတွေမှာ အခမဲ့ဖျော်ဖြေကြတယ်။ နာမည်ကို ရတနာပုံဗုဒ္ဓဝေယျာဝစ္စအသင်းလို့ ပေးခဲ့ တယ်။ များသောအားဖြင့် ဘုရားပွဲတွေနဲ့ အလှူ အတန်းတွေမှာ အပျော်တမ်းလိုက်တီးကြတာဖြစ်လို့ ဒီနာမည်ပေးခဲ့တာပါ။ အဲ့ဒီလို တီးကြရင်း ကိုမြသိန်း တို့ အိမ်ရှေ့ အပေါင်ဆိုင်ပိုင်ရှင် ဦးတော်လုံက အနောက်တိုင်းဆန်ဆန်တီးကြမှုတ်ကြဖို့ လိုအပ်တဲ့ တူရိယာပစ္စည်းတွေဝယ်ပါဆိုပြီး ငွေတစ်ထောင် ထုတ်ပေးတယ်။ အဲ့ဒီတုန်းက ငွေတစ်ထောင်ဆိုတာ အတော်များတာပေါ့။

ဒါကြောင့် နန်းတော်ရှေ့ ဆရာတင်က သီချင်း စပ်တော့ ဦးတော်လုံ ဥက္ကဋ္ဌဆိုပြီး ထည့်သွင်း စပ်ဆိုခဲ့တယ်။ ဒီလို တီးကြမှုတ်ကြရင်းနဲ့ ရတနာပုံ သူ့ထက်ကောင်းတဲ့ နာမည်ရွေးကြမယ်ဆိုပြီး မန္တလေးမြို့မအသင်းလို့ ဆရာတင်က နာမည်ပေး တယ်။ မြို့လယ်ခေါင်က စတင်ပြီး မြို့နေလူထုရဲ့ ထောက်ပံ့မှုနဲ့ ပေါ်ပေါက်လာတာဖြစ်လို့ မန္တလေး မြို့မ အပျော်တမ်းတူရိယာအသင်းဖြစ်လာတယ်။ အပျော်တမ်းတူရိယာအသင်းလို့ နာမည်ပေးရတာက သီချင်းရေးသူ၊ တီးမှုတ်သူ၊ သီဆိုသူတွေအားလုံးက ခံစားခွင့် တစ်စုံတစ်ရာ မယူကြဘူး။ အလကား လုပ်ကြတာပေါ့။

၁၉၂၅ ခုနှစ်က စလိုက်တာ ၁၉၇၅ ခုနှစ်မှာ ရွှေရတု အထိမ်းအမှတ်ပွဲကို မန္တလေးလဟာပြင် ဇာတ်ရုံမှာ ခမ်းနားစွာ ကျင်းပခဲ့တယ်။ ခုတော့ အဲ့ဒီဇာတ်ရုံ မရှိတော့ဘူး။ ရွှေရတုပွဲမှာ ရန်ကုန်က စံမတူ(ဦး)၊ ပလာတာ(ဦး)၊ ရွှေရိုး(ဦး)တို့ ပါဝင်တဲ့ လူရွှင်တော်ကြီး လေးဦးရယ်၊ နိုင်ငံကျော် ရုပ်ရှင် မင်းသား၊ အဆိုတော်ဖြစ်တဲ့ ဦးဝင်းဦးနဲ့ အပေါင်း အသင်းတွေလာကြတယ်။ ၂၀၀၀ ပြည့်နှစ်မှာ မန္တလေးမြို့မစိန်ရတုပွဲကို အမျိုးသားဇာတ်ရုံမှာ ကျင်းပတော့လည်း မြို့သူ၊ မြို့သားတွေက ကူညီကြ တယ်။ ၂၀၂၅ ခုနှစ်မှာ နှစ် ၁၀၀ ပြည့်ခဲ့ပြီ။ ရှေ့မှာလည်း ရွှေရတုတို့၊ စိန်ရတုတို့ ကျင်းပခဲ့ သလို ခုလည်း နှစ် ၁၀၀ ပြည့်ပွဲတော် ကျင်းပ တာဖြစ်တယ်။

အသင်းမှာ နာယကတွေရှိတယ်။ အဲ့ဒီအောက် မှာ အလုပ်အမှုဆောင်ရှိတယ်။ အလုပ်အမှုဆောင် အောက်မှာ အသင်းသူ၊ အသင်းသားတွေ ရှိတယ်။ အားလုံး ညှိနှိုင်းပြီးတော့ တစ်ဦးကောင်း တစ် ယောက်ကောင်းမလုပ်တဲ့နဲ့ ပူးပေါင်းဆောင်ရွက်တာ ဖြစ်လို့ နှစ် ၁၀၀ တိုင် ရောက်ရှိလာခဲ့ပါပြီ။

မြို့မမှာ တေးရေးဆရာကြီးတွေဖြစ်တဲ့ မြို့မ ငြိမ်း၊ နန်းတော်ရှေ့ ဆရာတင်၊ ဆရာဦးဘသိန်း၊ ဆရာဦးဘခင်၊ မြို့မ ဆရာပေါ စသဖြင့် ဆရာတွေ ရေးသားခဲ့တဲ့ တေးသီချင်းတွေဟာ ဂန္ထဝင်မြောက် တဲ့ သီချင်းတွေဖြစ်တယ်။ ဘုရားပွဲနဲ့ပတ်သက်တဲ့ သီချင်းတွေ၊ မန္တလေးမြို့ သမိုင်းကြောင်းတွေနဲ့ မန္တလေးအတွက် ဖိတ်ခေါ်တဲ့ သီချင်းတွေ၊ စာ သားနဲ့သံစဉ်တွေက ဂန္ထဝင်မြောက်တဲ့အတွက် အခုချိန်ထိ ရှင်သန်တည်ရှိနေသလို မြို့မအသင်း ကြီးကလည်း ဒီနေ့အထိ ရှင်သန်နေပျိုနေတယ်လို့ ပြောချင်ပါတယ်။



**ဦးခင်မောင်ဆွေ(မြို့မအသင်း ဒု-ဥက္ကဋ္ဌ)**

မြို့မ အမည်ပြောင်းပြီး မြို့မတူရိယာအသင်း အနေနဲ့ ပထမဆုံး စတီးခဲ့တာက စစ်ကိုင်းတံတား ကြီး ဖွင့်ပွဲမှာပါ။ မန္တလေးမှာ အသင်းတည်နေ ရာနဲ့၊ ဝင်းနဲ့ ခြံနဲ့ တိုက်နဲ့တာနဲ့ရှိပြီး နှစ်ပေါင်း ရှည်ကြာ တည်တံ့ရှင်သန်နေတာက မြို့မအသင်း ကြီးပဲ ရှိတယ်လို့ ထင်ပါတယ်။ မြို့မအသင်းကြီး မှာ ရှေးက မြို့မငြိမ်းတို့၊ ဆရာတင်တို့ စတဲ့ ဂီတဆရာကြီးတွေရဲ့ ဝိညာဉ်တွေများ စိုးမိုးနေသ လားလို့ ထင်မိတယ်။ ဘာကြောင့်လဲဆိုတော့ မြို့မ အသင်းကြီးက အစဉ်အဆက် ဂုဏ်သတင်းကြီး မားလွန်းနေလို့ပါ။ အသင်းကြီးက မန္တလေးသာမက တစ်ပြည်လုံးအတွက် တည်ရှိနေတာဖြစ်လို့ ဂုဏ်ယူ ဝမ်းမြောက်ပါတယ်။

မြို့မအသင်းကြီး ရေရှည်တည်တံ့နေဖို့ မျိုးဆက်သစ်တွေကို မွေးထုတ်ပေးနေပါတယ်။ သူတို့ရဲ့စိတ်တွေကို တေးဂီတထဲ စီးမျောစေချင် တယ်။ ဂီတဆိုတာ လူရဲ့ စိတ်သဘောထားကို သိမ်မွေ့နူးညံ့စေလို့ ဖြစ်ပါတယ်။ မန္တလေးမြို့ ဂုဏ်ဆောင် မြို့မအသင်းကြီးရဲ့ နှစ် ၁၀၀ ပြည့် (ရာပြည့်) ပွဲတော်ကြီးကို ခမ်းနားစွာကျင်းပမှာ ဖြစ်တဲ့အတွက် ကြွရောက်အားပေးကြဖို့ ဖိတ်ခေါ် ပါတယ်။

**ခိုင်ဆက်ဝေ**



KK Park နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးထားရှိမှုများကို တွေ့ရစဉ်။



KK Park နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံများအား ဖြိုချဖျက်ဆီးထားရှိသည်များကို တွေ့ရစဉ်။




KK Park နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံများအား ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးနေမှုကို တွေ့ရစဉ်။



အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် လုပ်ငန်းသုံးပစ္စည်းများအား သိမ်းဆည်းရမိမှု တွေ့ရစဉ်။

❖ စာမျက်နှာ ၂၄ မှ

လုပ်ငန်းများဆောင်ရွက်ခဲ့ရာ နယ်မြေပြန်လည်ငြိမ်းချမ်းလာချိန်တွင် အွန်လိုင်းလိမ်လည် လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ပြီး ထိုမှတစ်ဆင့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများတွင်လည်း အွန်လိုင်းလိမ်လည်လောင်းကစားမှု အမြစ်ပြတ်ပပျောက်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ခဲ့ရာတွင် ဖော်ထုတ်ဖမ်းဆီးရမိသည့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ကျူးလွန်ကြသူများကို လိုအပ်သည့်စိစစ်မှုများ ဆောင်ရွက်၍ သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးခြင်းများ ဆောင်ရွက်လျက်ရှိသကဲ့သို့ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ယင်းဒေသတွင် လုံးဝပြန်လည်အခြေမချနိုင်စေရေး၊ ဒုစရိုက်လုပ်ငန်းများ ထပ်မံမလုပ်ဆောင်နိုင်စေရေးအတွက် ယင်းဒေသတွင် ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်ထားသည့် အဆောက်အအုံများကိုလည်း အပြီးတိုင်ဖျက်ဆီးဖြိုချမှုများ ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်ရာတွင် ယာဉ်ယန္တရားများဖြင့် စနစ်တကျဖြိုချဖျက်ဆီးခြင်း၊ အဆင့်မြင့်နည်းပညာသုံး ဖောက်ခွဲဖျက်ဆီးခြင်း နည်းပညာများအသုံးပြု၍ စနစ်တကျဖောက်ခွဲဖျက်ဆီးခြင်းတို့ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ယနေ့ ညနေ ၆ နာရီအထိ မြဝတီ-မဲ့ထော်သလေး (KK Park) နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုလျက်ရှိသည့် အဆောက်အအုံများ ၆၃၅ လုံး ရှိသည့်အနက် ၁၈၂ လုံးကို ဖြိုချဖျက်ဆီးပြီးစီးပြီဖြစ်ကြောင်းနှင့် ကျန်ရှိနေသေးသည့် အဆောက်အအုံ ၄၅၃ လုံးကို ဆက်လက်ဖြိုချ ဖျက်ဆီးလျက်ရှိသည်။

အလားတူ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌လည်း ရှင်းလင်းဖော်ထုတ်မှုများကို နိုဝင်ဘာ ၁၈ ရက်မှစ၍ စတင်ဆောင်ရွက်လျက်ရှိပြီး ယနေ့တတိယနေ့အဖြစ် ရှင်းလင်းမှုများ ဆက်လက်ဆောင်ရွက်ခဲ့ရာ ညနေ ၆ နာရီအထိ ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်ထားသည့် အဆောက်အအုံ ခြောက်လုံးအတွင်းမှ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုသည့်လုပ်ငန်းသုံးပစ္စည်းများကို စိစစ်တွေ့ရှိဖမ်းဆီးရမိခဲ့သည်။ ဆက်လက်၍ ရွှေကုက္ကိုလ်နယ်မြေအတွင်း တရားမဝင် ဝင်ရောက်နေထိုင်သူများအား ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ ထွက်ပြေးတိမ်းရှောင်ရန် ကြိုးစားနေကြသည့် ဗီယက်နမ်နိုင်ငံသား သုံးဦး၊ ကင်ညာနိုင်ငံသား ၂၃ ဦး၊ အီသီယိုးပီးယားနိုင်ငံသား ၈၅ ဦး၊ နမေဗီးယားနိုင်ငံသား တစ်ဦး၊ အင်ဒိုနီးရှားနိုင်ငံသား ၁၆၈ ဦး၊ ယူဂန်ဒါနိုင်ငံသား ၁၅ ဦး၊ နီပေါနိုင်ငံသား ၁၀ ဦး၊ အိန္ဒိယနိုင်ငံသား ၄၃ ဦး၊ ဇင်ဘာဘွေနိုင်ငံသား တစ်ဦး၊ ဖိလစ်ပိုင်နိုင်ငံသား ၁၃ ဦး၊ ပါကစ္စတန်နိုင်ငံသား ၂၁ ဦး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား လေးဦး၊ ဆီးရီးယားလီယွန်နိုင်ငံသား သုံးဦး၊ လိုက်ဘေးရီးယားနိုင်ငံသားတစ်ဦး၊ နိုင်ဂျီးရီးယားနိုင်ငံသား ခုနစ်ဦး၊ အီဂျစ်နိုင်ငံသား တစ်ဦး၊ သီရိလင်္ကာနိုင်ငံသား တစ်ဦး၊ ကာဇက်စတန်နိုင်ငံသား နှစ်ဦး၊ ဥဇဘက်ကစ္စတန်နိုင်ငံသား သုံးဦး စုစုပေါင်း ၄၀၅ ဦး တို့ကို လမ်းဆုံလမ်းခွများ၌ စစ်ဆေးဖော်ထုတ်ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။ သို့ဖြစ်၍ ရွှေကုက္ကိုလ်နယ်မြေအတွင်း စုစုပေါင်း ဖော်ထုတ်ရှင်းလင်းမှုများအရ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်သည့် နိုင်ငံခြားသား ၁၀၁၆ ဦးနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုသည့် ကွန်ပျူတာ ၂၆၅၃ လုံး၊ မိုဘိုင်းဖုန်း အလုံး ၂၁၇၅၀ နှင့် လုပ်ငန်းသုံးပစ္စည်းအများအပြားကို စိစစ်တွေ့ရှိ ဖမ်းဆီးရရှိခဲ့ပြီး ဖော်ထုတ်ရှင်းလင်းခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ထိုသို့ ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသား ၁၀၁၆ ဦးကို မြဝတီမြို့နယ် ပူလွဲပူကျေးရွာအုပ်စု ရွှေကုက္ကိုလ်မြို့င်ကျေးရွာအတွင်း လုံထင်းဝန်းရှိ အဆောက်အအုံ၌ ထိန်းသိမ်းထားရှိပြီး တရားမဝင်ပြည်ပနိုင်ငံသား စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးခဲ့ရာ ပြည်ပနိုင်ငံသား ၆၀၀ ကို စစ်ဆေးနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်








ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ စိစစ်ဆဲ တရားမဝင်နိုင်ငံခြားသားများအား စိစစ်ဖော်ထုတ်ရရှိမှုကို တွေ့ရစဉ်။

## စာအုပ်ခင်းကဏ္ဍ

ဖော်ညွှန့်သီ

| | |
|---|---|
| စာအုပ်အမည် | - နပိုလီယံဟေးလ်၏ ကမ္ဘာတည်မယ့်အတွေးအမြင်များ |
| စာရေးသူ | - ဇေရတု |
| ထုတ်ဝေသည့်စာပေတိုက် | - စိတ်ကူးချိုချိုစာပေ |
| တန်ဖိုး | - ၉၅၀၀ ကျပ် |
| စာမျက်နှာ | - ၂၉၅ မျက်နှာ |
| ထုတ်ဝေသည့်ကာလ | - ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ(ဒုတိယအကြိမ်) |





၂၀၁၆ ခုနှစ်က ပထမ အကြိမ်အဖြစ် ထုတ်ဝေခဲ့ပြီး ဒုတိယအကြိမ်မြောက် ထုတ်ဝေသော အောင်မြင်မှုလမ်းညွှန် စာအုပ်ဖြစ်သည်။ ဤစာအုပ်ကိုဖတ်ရှုရာတွင် အစမှအဆုံး အထိဖတ်ရှုမှုဖြစ်မည့် ပုံစံမျိုးဖြင့် ရေးသားထားခြင်း မဟုတ်သည့်အတွက် မိမိကြိုက်နှစ်သက်ရာ စိတ်ဝင်စားရာ အခန်းကဏ္ဍများကို ရွေးချယ်ဖတ်ရှုနိုင်သည်။ ဆရာဇေရတုက မြန်မာပြန်ဆိုထားသည်။

စာအုပ်တွင် နိဒါန်း၊ ဂျူးဒစ်သ် ဝီလျံဆန်၏ အမှာ၊ ထွန်းပေါက်အောင်မြင်မှု၊ အခက်အခဲ၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ အားပေးမှု၊ ယုံကြည်သက်ဝင်မှု၊ အခွင့်အလမ်း၊ ဝန်ဆောင်မှု၊ အောင်မြင်မှု၊ ဉာဏ်ပညာ၊ လေ့လာရန်လမ်းညွှန်တို့ ပါရှိသည်။

ဘဝအောင်မြင်ကြီးပွားချမ်းသာလိုသူများ လေ့လာဖတ်ရှုသင့်သည့် စာအုပ်ဖြစ်ရာ စိတ်ကူးချိုချို(မန္တလေး)စာအုပ်ဆိုင်နှင့် မန္တလေးစာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။

| | |
|---|---|
| စာအုပ်အမည် | - ရွက်ခြောက်လေပွေ |
| စာရေးသူ | - စေရာထူး |
| ထုတ်ဝေသည့်စာပေတိုက် | - စိတ်ကူးချိုချိုစာပေ |
| တန်ဖိုး | - ၆၅၀၀ ကျပ် |
| စာမျက်နှာ | - ၁၅၆ မျက်နှာ |
| ထုတ်ဝေသည့်ကာလ | - ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ (ပထမအကြိမ်) |




မူရင်းစာရေးဆရာ ဂါစီယာ မားကွတ်ဇ်၏(Leaf Storm)ကို ဆရာစေရာထူးက မြန်မာပြန်ဆို ထားသောဝတ္ထုစာအုပ်ဖြစ်သည်။ ပဥ္စလက်သရုပ်မှန်စာပေအရေး အသားတွင် နာမည်ကြီးပြီး ၁၉၈၂ ခုနှစ်တွင် စာပေဆိုင်ရာနိုဘယ်လ် ဆုချီးမြှင့်ခံရသော ဆရာမြသန်း တင့်လည်း မြန်မာပြန်ဆိုခဲ့ဖူး သည်။

ယခုစာအုပ်တွင် မြို့ခံလူ များ အမုန်းကြီးမုန်းသည့် ဆရာ ဝန်တစ်ယောက်သေဆုံးပြီး ကျန် ရစ်သည့်ရုပ်အလောင်းကို မြှုပ်နှံ ပေးရန် တာဝန်ကျသောမိသားစု သုံးဦး၏အကြောင်းကို ဇာတ်လမ်း ပြောဟန်ဖြင့် ရေးဖွဲ့ထားသော ဝတ္ထုဖြစ်သည်။

မိသားစုဆိုသည့် လူ့အဖွဲ့ အစည်းတစ်ခု၏ စိတ်ပိုင်းဆိုင်ရာ ပဋိပက္ခများကို အတိတ်၊ ပစ္စုပ္ပန် အချိန်ရှုထောင့်ပြောင်းပြီး စိတ် ဝင်စားဖွယ်ရေးဖွဲ့ထားသော သဲ ထိတ်ရင်ဖို ဝတ္ထုစာအုပ်ဖြစ်သည်။ မြန်မာဘာသာပြန်စာအုပ် ကြိုက် နှစ်သက်သူများ သဘောကျမည့် စာအုပ်ဖြစ်ရာ စိတ်ကူးချိုချို (မန္တလေး)စာအုပ်ဆိုင်နှင့် မန္တလေး စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။

## စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးဆွေးနွေးပွဲ ကျင်းပ



**တောင်တွင်းကြီး နိုဝင်ဘာ ၂၀**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်တွင် ရပ်ကွက်၊ ကျေးရွာ၊ ကျောင်းစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲအခမ်းအနားကို နိုဝင်ဘာ ၁၉ ရက် နံနက် ၉ နာရီခွဲက လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမိုးမိုးမြင့်က မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာ၊ ကျောင်းစာကြည့်တိုက်များ ရေရှည်ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စာကြည့်တိုက်ကော်မတီဝင်နှင့် စာကြည့်တိုက်မှူးများက အလေးထားဆောင်ရွက်သွားကြရန်လိုပါကြောင်းနှင့် ယခုကဲ့သို့ ဆွေးနွေးပွဲများမှ တစ်ဆင့် စာကြည့်တိုက်အချင်းချင်း ရင်းနှီးမှုများရရှိစေကာ စာကြည့်တိုက်ရေရှည်ရှင်သန်ရေးဆောင်ရွက်မှုများအား ဖလှယ်ခွင့်ရရှိစေမှာဖြစ်ပါကြောင်း ပြောကြားခဲ့ပြီး စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးဆွေးနွေးပွဲကိုကျင်းပရာ စာကြည့်တိုက်မှာ စာအုပ်၊ စာစောင်များ တိုးပွားလာအောင် ဘယ်လိုနည်းလမ်းများဖြင့် ဆောင်ရွက်မလဲ၊ ကျောင်းစာကြည့်တိုက်တွေကို ကျောင်းသား၊ ကျောင်းသူများ အသုံးပြုလာအောင် ဘယ်လိုစီမံဆောင်ရွက်မလဲ၊ စာကြည့်တိုက်ကို လူကြီး၊ လူငယ်၊ ကလေးအားလုံးလာရောက်အောင် ဘယ်လိုနည်းလမ်းတွေ ဆောင်ရွက်မလဲ၊ စာကြည့်တိုက်များအချင်းချင်း စာအုပ်များ အပြန်အလှန်ငှားယူရင် ဘယ်လိုမူဝါဒများ ချမှတ်သင့်လဲ၊ စာကြည့်တိုက် အထူးသုံးစွဲသူများအတွက် ဝန်ဆောင်မှုများ ဘယ်လိုဖန်တီးမလဲ စသည့် ခေါင်းစဉ်များကို အုပ်စု (၆)ခုခွဲ၍ ဆွေးနွေးပွဲကိုစတင်ခဲ့ရာ တက်ရောက်လာသည့် စာကြည့်တိုက်မှူးများက မိမိတို့အတွေးအမြင်များနှင့် လုပ်ဆောင်လျက်ရှိသည့် အတွေ့အကြုံများ၊ အကြံပြုချက်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါ စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး ဆွေးနွေးပွဲသို့ ရပ်ကွက်၊ ကျေးရွာ၊ ကျောင်းစာကြည့်တိုက်များမှ စာကြည့်တိုက်မှူးများ၊ လက်ထောက်စာကြည့်တိုက်မှူးများ စုစုပေါင်း ၂၇ ဦး တက်ရောက်ခဲ့သည်။

**နောင်နောင်(မိသနိုးမြေ)**




ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## တံတားတောင်သမန်

* အမရပူရာနီ၊ ရွှေပြည်ကြငှန်း
ကြွမြန်းလို့ လာခဲ့ပါ၊
တောင်ရပ်မှာ၊ တောင်သမန်တံတား
ဆောက်ထားသည်သာ။
ကုန်းဘောင်ဆက်၊ မင်းရာဇာ
ကိုးဆက်မှာ၊ ပုဂံမင်း၊
ဘုန်းရှိန်မှာ၊ ဝေဖြာလင်းလို့
သက်ရှည်ဖို့ခင်း။
* ထောင့်ရှစ်ရာ ငါးဆယ့်တစ်
မည်တွင်လုစ် ရောက်ကောဇာ၊
ဦးပိန်မှာ ထိုတံတား
ရှည်လျားဆောက်ခါ။
တံတား၏ ပေရှည်မှာ
သုံးကိုးရာ ခြောက်ခွန်နစ်၊
တိုင်တွက်စစ် တစ်ထောင်မြောက်
ရှစ်ဆယ့်ခြောက်ဖြစ်။
* ကွန်းခိုရန် ဆောက်လုပ်ထား
ဇရပ်ကား လေးဆောင်သာ၊
တိုင်ခန်းတို့၊ ရေတွက်ရာ
လေးရှစ်နှစ်ပါ။
မယ်ဇယ်(မည်စည်)တန်း၊ ထိပ်ဦးမှာ
ကြည်နူးစရာ ထိုတံတား၊
ကျောက်တော်ကြီးခေါ်၊ ဗုဒ္ဓဘုရား
အံ့ချီးဝင့်ကြွား။
* ခချိန်ခါ ဤတံတား
ရောက်ခြားဖို့ ဖိတ်ခေါ်ချင်၊
လှမ်းလာလျှင် သမိုင်းလှ
တွေ့ရမည်ပင်။
မြန်မာတို့ ဂန္ထဝင်
ပြုပြင်ကာ စောင့်ရှောက်ထား၊
မွေနှစ်ဆောင် ဂုဏ်ရောင်ဝင့်
သွင်တင့်စေသား။ ။

ပန်းသစ္စာ(ပုသိမ်ကြီး)

တံတားနှင့် လမ်း၊ ဆေးခန်းနှင့် ကျောင်း၊
ဆည်မြောင်းနှင့် ကန် သစ်ပင်ရုံမှ၊ သဏ္ဌာန်လှပ၊ ပန်းရလိမ့်။

## ပေကျင်းတက္ကသိုလ်မှ သဘာဝသမိုင်းပညာရှင် လျူဟွားကျဲ သိပ္ပံစာအုပ်အသစ်သုံးအုပ်အတွဲကို မိတ်ဆက်ပြသ

**ပေကျင်း နိုဝင်ဘာ ၂၀**

ပေကျင်းတက္ကသိုလ်၊ ဒဿနနှင့် ဘာသာရေးဆိုင်ရာဌာနမှ ပါမောက္ခဖြစ်သူ သဘာဝသမိုင်း အထူးပြုပညာရှင် လျူဟွားကျဲသည် ၎င်း၏သိပ္ပံပညာကို လူသိများစေမည့် စာအုပ်အသစ်သုံးအုပ်အတွဲကို ထုတ်ဖော်မိတ်ဆက်ပြသလိုက်ကြောင်း စီအင်န်အေ သတင်းဌာနက ဖော်ပြသည်။

အဆိုပါစာအုပ်အတွဲတွင် အရှေ့တိုင်းပိုးဖလံ၏ အိမ်မြှောင်၊ စကာဘိုရှေ့ဖဲယားမှ အပင်များနှင့် ပုံစံပြုခြင်းနှင့် ဆောင်းရေ ချဲ့ထွင်ခြင်းဆိုင်ရာ ရိုးရှင်းမှုများဟူသော စာအုပ်သုံးအုပ်ပါဝင်ပြီး ၎င်းတို့ကို ပေကျင်းတိုင်းမ် တရုတ်စာနယ်ဇင်းမှ ထုတ်ဝေသည်။

ဤစာအုပ်အတွဲသည် ဒဿနရှုထောင့်မှ နည်းပညာခေတ်၏ လူသားဆိုင်ရာလိုအပ်ချက်များကို တုံ့ပြန်ခြင်းဖြစ်ပြီး သဘာဝသမိုင်းမှတစ်ဆင့် လူသားနှင့်သဘာဝကို ကဗျာဆန်ဆန် ပြန်လည်ဆက်သွယ်ရန် ရည်ရွယ်သည်။

ယနေ့ခေတ် အရှိန်အဟုန်ဖြင့် တိုးတက်နေသော ဉာဏ်ရည်တု (အေအိုင်)ခေတ်တွင် လျူသည် ၎င်း၏နက်နဲသော ဒဿနနောက်ခံနှင့် သဘာဝသမိုင်းဆိုင်ရာ ဘာသာရပ်ပေါင်းစုံ ရှုထောင့်မှနေ၍ နည်းပညာလွှမ်းမိုးသည့်ခေတ်တွင် လူသားများ၏ သဘာဝသမိုင်းဉာဏ်ပညာကို နိုးကြားစေရန်လိုအပ်ကြောင်း အလေးပေးဖော်ပြထားသည်။




လျူက သဘာဝသမိုင်းသည် ပညာရပ်တစ်ခုတည်းသာမကဘဲ နေထိုင်မှုပုံစံတစ်ခုနှင့် သဘာဝနှင့် ထိတွေ့ဆက်ဆံရာတွင် အခြေခံ အသိပညာ၏ အရင်းအမြစ်တစ်ခုဖြစ်သည်ဟု ယုံကြည်သည်။ ၎င်းက လူများသည် သဘာဝနှင့် ပိုမို ထိတွေ့ဆက်ဆံခြင်းနှင့် နားလည်ခြင်းအားဖြင့် မိမိကိုယ်ကို လွတ်မြောက်စေပြီး ကျန်းမာပြီးသဘာဝကျသောဘဝကို ဦးဆောင်နိုင်သည်ဟု ဆိုသည်။

အပင်များအကြောင်း လေ့လာခြင်း သို့မဟုတ် အင်းဆက်များနှင့် ထိတွေ့ဆက်ဆံခြင်းတို့သည် သဘာဝသမိုင်းကို စစ်မှန်သော နေထိုင်မှုပုံစံတစ်ခုဖြစ်စေနိုင်ပြီး ဘဝ၏ အနုအလှနှင့် အရာအားလုံးသည် နှစ်သက်ဖွယ်ကောင်းသည်ဟူသော ဉာဏ်ပညာကို ဖော်ပြနိုင်သည်ဟု ၎င်းက ရှင်းပြကြောင်း သိရသည်။ **Mon**



## အသက် ၁၆ နှစ်အောက် ဩစတြေးလျနိုင်ငံသားများကို ဖေ့စ်ဘွတ်ခ်နှင့် အင်စတာဂရမ် သုံးစွဲခွင့် တားမြစ်မည်

**ဝါရှင်တန် နိုဝင်ဘာ ၂၀**

မေတာကုမ္ပဏီက အသက် ၁၆ နှစ်အောက် ဩစတြေးလျနိုင်ငံသားများကို လာမည့်ဒီဇင်ဘာ ၄ ရက်မှစ၍ ဖေ့စ်ဘွတ်ခ်နှင့် အင်စတာဂရမ် သုံးစွဲခွင့် တားမြစ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကိစ္စရပ်မှာ ဩစတြေးလျအစိုးရမှ လူမှုမီဒီယာဆိုင်ရာ ဥပဒေသစ်တစ်ရပ်ကို ပြဋ္ဌာန်းရန် ပြင်ဆင်နေချိန်နှင့် တိုက်ဆိုင်လျက်ရှိပြီး ထိုဥပဒေက လူငယ်များနှင့် ထောက်ခံသူများအကြား စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်စေခဲ့သည်။

ယင်းအမေရိကန်နည်းပညာကုမ္ပဏီက ဩစတြေးလျတွင် အသက် ၁၆ နှစ်အောက် အသုံးပြုသူများအတွက် လူမှုမီဒီယာ ပိတ်ပင်မှုအသစ်သည် ဒီဇင်ဘာ ၁၀ ရက်တွင် အသက်ဝင်မည်ဖြစ်ရာ ၎င်းတို့၏ ပလက်ဖောင်းများပေါ်မှ ဆယ်ကျော်သက်များနှင့် ကလေးသူငယ်များကို စတင်ဖယ်ရှားမည်ဖြစ်သည်။

ယင်းပြောင်းလဲမှုများကို ကိုယ်ရေးကိုယ်တာလုံခြုံမှု၊ လူငယ်များ၏ စိတ်ပိုင်းဆိုင်ရာကျန်းမာရေးနှင့် သတင်းအချက်အလက်ရယူသုံးစွဲနိုင်မှုအပေါ် သက်ရောက်မှုရှိ၊ မရှိ စသည့်မေးခွန်းများကို ဖြေရှင်းခြင်းမရှိဘဲ အလျင်စလိုဆောင်ရွက်ခဲ့သည်ဟု ဝေဖန်သူများက ထောက်ပြကြသည်။

စင်စစ်တွင်မူ ဩစတြေးလျအစိုးရအနေဖြင့် လူမှုမီဒီယာကုမ္ပဏီများအတွက် ဩစတြေးလျဒေါ်လာ ၄၉ ဒသမ ၅ သန်း (အမေရိကန်ဒေါ်လာ ၃၂ သန်း) အထိ ဒဏ်ငွေများချမှတ်၍ ဥပဒေကို အကောင်အထည်ဖော်ရန် စနစ်တကျပြင်ဆင်ခဲ့ကြောင်း သိရသည်။ **Mon**

## INTERNATIONAL NEWS
## နိုင်ငံတကာသတင်းများ

## ဟူသီများဖမ်းဆီးထားသည့်ကုလဝန်ထမ်းများ ပြန်လွှတ်ပေးရေး ယီမင်နိုင်ငံဆိုင်ရာကုလအထူးသံတမန် တိုက်တွန်း

**ဆာနား နိုဝင်ဘာ ၂၀**

ယီမင်နိုင်ငံရှိ ဟူသီအုပ်စုကဖမ်းဆီးထားသော ကုလသမဂ္ဂဝန်ထမ်းများကို ချက်ချင်းပြန်လွှတ်ပေးရေး ကုလသမဂ္ဂ အထူးသံတမန်က ၎င်း၏ အိုမန်နိုင်ငံသို့ လာရောက်သည့် ခရီးစဉ်အတွင်း တိုက်တွန်းပြောကြားခဲ့ကြောင်း နိုဝင်ဘာ ၁၉ ရက်က သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါခရီးစဉ်အတွင်း ယီမင်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူးသံတမန် ဟန့်စ်ဂရင်းဘတ်ဂ်ျသည် အိုမန်နိုင်ငံ မတ်စကပ်မြို့၌ အိုမန်အဆင့်မြင့်အရာရှိကြီးများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ယီမင်နိုင်ငံ၌ လက်ရှိဖွံ့ဖြိုးတိုးတက်မှုများနှင့် ဆယ်စုနှစ်တစ်စုကြာ ဖြစ်ပွားနေသည့် ပဋိပက္ခများကို အဆုံးသတ်နိုင်ရေးရည်ရွယ်၍ နိုင်ငံရေးလုပ်ငန်းစဉ်များအတွက် ကြိုးပမ်းမှုများကို အဓိကထားဆွေးနွေးခဲ့ကြသည်။

ကုလသမဂ္ဂ၏ ကြားဝင်စေ့စပ်ပေးရေးလုပ်ငန်းများတွင် အိုမန်နိုင်ငံ၏ တစိုက်မတ်မတ်ထောက်ပံ့ပေးမှုများအတွက် ကျေးဇူးတင်ကြောင်းပြောကြားခဲ့ပြီး ယီမင်နိုင်ငံ၌ နိုင်ငံရေးအရ အခြေကျစေရေး လမ်းခင်းပေးရန် ဒေသတွင်းနှင့်နိုင်ငံတကာ၏ကျောထောက်နောက်ခံလိုအပ်ကြောင်း အလေးပေး ပြောကြားခဲ့သည်။

ဟူသီစေ့စပ်ညှိနှိုင်းရေး အကြီးအကဲဖြစ်သူ မိုဟာမက် အဗ္ဗဒယ်ဆလမ်နှင့် ဆွေးနွေးစဉ်အတွင်း ဟူသီအုပ်စုက ဖမ်းဆီးထားသည့် ကျန်ရှိနေသေးသည့် ကုလသမဂ္ဂဝန်ထမ်းများအားလုံးကို ပြန်လွှတ်ပေးရေး တောင်းဆိုခဲ့သည်။

အောက်တိုဘာလအတွင်းက အီရန်နှင့် အိုမန်နိုင်ငံတို့၏ ကြားဝင်စေ့စပ်ပေးမှုဖြင့် ကုလသမဂ္ဂ နိုင်ငံခြားသားဝန်ထမ်း ၁၂ ဦးကို ပြန်လွှတ်ပေးခဲ့သည်။ ဟူသီအကျဉ်းထောင်များ၌ ကျန်ရှိနေသည့် ကုလသမဂ္ဂ ဝန်ထမ်းများမှာ ယီမင်နိုင်ငံသားများဖြစ်ကြသည်။

ဆင်ဟွာ

## အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းပေါ်ရှိ ဆီမီရူမီးတောင်ပေါက်ကွဲ ပြာနှင့်ဓာတ်ငွေ့များ ကောင်းကင်သို့ ကီလိုမီတာများစွာ ပန်းထွက်



**ဂျကာတာ နိုဝင်ဘာ ၂၀**

အင်ဒိုနီးရှားနိုင်ငံ၏ အဓိကကျွန်းဖြစ်သော ဂျာဗားကျွန်းပေါ်ရှိ ဆီမီရူမီးတောင် နိုဝင်ဘာ ၁၉ ရက်က စတင်ပေါက်ကွဲခဲ့ပြီး ပြာများနှင့် ဓာတ်ငွေ့များကို ကောင်းကင်သို့ ကီလိုမီတာပေါင်းများစွာ ပန်းထွက်လာခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဂျာဗားအရှေ့ပိုင်းရှိ အဆိုပါမီးတောင်သည် ဒေသစံတော်ချိန် ညနေ ၂ နာရီ ၁၃ မိနစ်တွင် ပေါက်ကွဲခဲ့ကြောင်း အင်ဒိုနီးရှား ဘူမိဗေဒအေဂျင်စီ အကြီးအကဲ မူဟာမက်ဝါဖစ်က အတည်ပြုပြောကြားသည်။

အဆိုပါမီးတောင်သည် ခရီးသွားများ စိတ်ဝင်စားသော ဘာလီကျွန်း၏ အနောက်ဘက် ကီလိုမီတာ ၃၁၀ ခန့်အကွာတွင် တည်ရှိပြီး မီးတောင်ပေါက်ကွဲရာမှ ထွက်ပေါ်လာသော ပိုင်ရိုကလပ်စတစ်စီးဆင်းမှုများဟု လူသိများသည့် အရာများကို ပန်းထုတ်ခဲ့သည်။

မီးတောင်မှ လွင့်စဉ်လာသော ကျောက်တုံးများ ထိမှန်နိုင်သည့် အန္တရာယ်ကြောင့် အများပြည်သူအနေဖြင့် ဆီမီရူမီးတောင်၏ မီးတောင်ဝ သို့မဟုတ် တောင်ထိပ်၏ ၈ ကီလိုမီတာ အချင်းဝက်အတွင်း လှုပ်ရှားမှုများ မပြုလုပ်ရန် သက်ဆိုင်ရာက သတိပေးထားသည်။

မီးတောင်ပြာများသည် လေထဲသို့ ၈ ဒသမ ၅ ကီလိုမီတာ အထိမြင့်တက်သွားကြောင်း ဒေသတွင်း သဘာဝဘေးအန္တရာယ်ဆိုင်ရာ အေဂျင်စီက ထုတ်ပြန်ကြေညာသည်။

ယင်းမီးတောင်ကို ဖုံးလွှမ်းနေသော အုံ့ဆိုင်းသည့် မြူခိုးများကြောင့် တိုင်းတာရန်ခက်ခဲစေခဲ့ရာမှ မီးတောင်ပေါက်ကွဲမှုကြောင့် သတိပေးအဆင့်ကို အမြင့်ဆုံးသို့ တိုးမြှင့်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

## တူကီယဲနိုင်ငံ၌ တရားမဝင်ရွှေ့ပြောင်းနေထိုင်သူ ၆၈၇ ဦးကို ဖမ်းဆီးထိန်းသိမ်း

**အစ္စတန်ဘူလ် နိုဝင်ဘာ ၂၀**

တူကီယဲနိုင်ငံ၌ နိုင်ငံတစ်ဝန်း အထွေထွေအထားစစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီး ပုံမှန်မဟုတ်သော ရွှေ့ပြောင်းနေထိုင်သူ ၆၈၇ ဦးနှင့် လူကုန်ကူးသူဟု သံသယရှိသူ ၂၉ ဦးကို ဖမ်းဆီးထားကြောင်း ပြည်ထဲရေးဝန်ကြီး အလီယာလီကာကာက နိုဝင်ဘာ ၂၀ ရက်တွင် သတင်းထုတ်ပြန်သည်။

နိုင်ငံတစ်ဝန်း ပြည်နယ် ၈၁ ခု၌ တူကီယဲအာဏာပိုင်များက ကြီးမားသောစစ်ဆင်ရေးပြုလုပ်ခဲ့ပြီး ရွှေ့ပြောင်းလူမှောင်ခိုကွန်ရက်များနှင့် ပုံမှန်မဟုတ်သော ရွှေ့ပြောင်းသွားလာမှုလမ်းကြောင်းများကို ပစ်မှတ်ထားကာ စစ်ဆေးမှုများပြုလုပ်ခဲ့သည်ဟု ကြေညာချက်တွင်ဖော်ပြထားသည်။

အဆိုပါစစ်ဆေးမှုများအတွင်း လူပေါင်း ၄၃၅၂၉၅ ဦး၏ အချက်အလက်များကို စစ်ဆေးမှုများ ပြုလုပ်ခဲ့ကြသည်။ တူကီယဲနိုင်ငံသည် ပုံမှန်မဟုတ်သောရွှေ့ပြောင်းနေထိုင်မှုကိုသာမက လူမှောင်ခိုတိုက်ဖျက်ရေး၊ နယ်စပ်လုံခြုံရေး၊ အပြည်ပြည်ဆိုင်ရာမှ အကာအကွယ်ပေးရေးနှင့် မိမိသဘောဆန္ဒအလျောက် နေရပ်ပြန်သူများကို လုံခြုံစိတ်ချရစေရေးတို့အတွက် အာရုံစိုက်နေကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ထိန်းသိမ်းခံထားရသော ပုံမှန်မဟုတ်သည့်ရွှေ့ပြောင်းနေထိုင်သူများကို ၎င်းတို့၏ မိခင်နိုင်ငံသို့ ပြန်လည်ပို့ဆောင်ရန် လုပ်ငန်းစဉ်များ စတင်လုပ်ဆောင်နေပြီဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

တူကီယဲနိုင်ငံသည် ပထဝီအနေအထားအရ ဥရောပသို့ သွားရောက်ရန် အဓိကဝင်ပေါက်သဖွယ်ဖြစ်နေပြီး တရားမဝင် ရွှေ့ပြောင်း သွားလာမှုများကို တားဆီးရန်နှင့် မှောင်ခိုလမ်းကြောင်းများကို ဖျက်သိမ်းရန် ကြိုးပမ်းမှုများဆောင်ရွက်လျက်ရှိသည်။ ဆင်ဟွာ




ပုံမှန်မဟုတ်သည့် ရွှေ့ပြောင်းနေထိုင်သူများကို စက်တင်ဘာ ၁၀ ရက်က ဖမ်းဆီးစဉ်။

## မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ-၃)၊ ဦးပိုင်အမှတ်(၁၃၂)၊ မြေကွက်ဧရိယာ(ပေ ၃၀ × ၄၅ ပေ)မြေကွက်၏မြောက်ဘက်ခြမ်း (၁၅ ပေ × ၄၅ ပေ)အကျယ်အဝန်းရှိ မြေကွက်၊ အဆောက်အအုံနှင့်ပတ်သက်၍ အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ-၃)၊ ၅၇လမ်းနှင့် ၅၈လမ်းကြား၊ ၁၁၃လမ်းနှင့် ၁၁၄လမ်းကြားတွင်တည်ရှိသော ဦးကျော်ညိမ်း အမည်ပေါက် ဦးပိုင်အမှတ်(၁၃၂)မြေကွက်၏မြောက်ဘက်ခြမ်း(၁၅ ပေ × ၄၅ ပေ)အကျယ်အဝန်းရှိ မြေကွက်အဆောက်အအုံပေါ်တွင် နေထိုင်ပိုင်ဆိုင်သော ဒေါ်ခိုင်စံပယ်(ဘ) ဦးချစ်တင်(၉/ခမဇ(နိုင်)၀၁၃၅၃၇)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ-၃)၊ ၅၇လမ်းနှင့် ၅၈လမ်းကြား၊ ၁၁၃လမ်းနှင့် ၁၁၄လမ်းကြား၊ ဦးကျော်ညိမ်း အမည်ပေါက် ဦးပိုင်အမှတ်(၁၃၂)မြေကွက်၏(ပေ ၃၀ × ၄၅ ပေ)အကျယ်အဝန်းရှိ မြေကွက်နှင့် အဆောက်အအုံအား (၁)ဒေါ်သိန်းဟန်(ဘ)ဦးအိုက်(၉/မရတ(နိုင်)၀၇၉၄၇၈)၊ ဦးကျော်ညိမ်း၏သားသမီးများဖြစ်သော (၂)ဦးခင်မောင်ဇော်(၎င်းကွယ်လွန်သွားသည့်အတွက် ၎င်း၏အမွေဆက်ခံသူ မောင်စည်သူအောင်၊ မမေသူအောင်နှင့် မနှင်းယုဇော်)၊ (၃)ဒေါ်ခင်မာလွင်၊ (၄)ဒေါ်ခင်မာဝေ၊ (၅)ဦးခင်မောင်အေးတို့မှ မိသားစုအမွေခွဲဝေခြင်း သဘောတူပဋိညာဉ်စာချုပ်၊ အပြီးအပိုင် စွန့်လွှတ်ခြင်းပဋိညာဉ်စာချုပ်နှင့် နှစ်ဦးသဘောတူပိုင်ဆိုင်မှု စာရွက်စာတမ်းခွဲဝေခြင်း ကတိစာချုပ်တို့ဖြင့်(၁၉-၇-၂၀၂၅)ရက်တွင် အမွေခွဲဝေ၍ လက်ရောက်ရရှိခဲ့ပြီးဖြစ်ပါသည်။

ဦးကျော်ညိမ်း အမည်ပေါက် ဦးပိုင်အမှတ်(၁၃၂)မြေကွက်၏မြောက်ဘက်ခြမ်း(၁၅ ပေ × ၄၅ ပေ)အကျယ်အဝန်းရှိ မြေကွက်၊ အဆောက်အအုံနှင့် ရေ+မီး သုံးစွဲခွင့်အရပ်ရပ်တို့ကို အရပ်ကတိချုပ်တို့ဖြင့် လက်ရှိလက်ရောက်နေထိုင် ပိုင်ဆိုင်ပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဒေါ်သိန်းဟန်(ဘ)ဦးအိုက်(၉/မရတ(နိုင်)၀၇၉၄၇၈)ကိုင်ဆောင်သူမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခိုင်စံပယ်(ဘ)ဦးချစ်တင်(၉/ခမဇ(နိုင်)၀၁၃၅၃၇)ထံမှ (၁-၉-၂၀၂၅)ရက်တွင် အရပ်ကတိစာချုပ်၊ နိုတြီအထွေထွေကိုယ်စားလှယ်ပါဝါတို့ဖြင့် အသိသက်သေများရှေ့မှောက်တွင် အဆုံးအပိုင် လက်ရောက်လွှဲပြောင်းရောင်းချခဲ့ပြီး ဖြစ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခိုင်စံပယ်မှ(၁-၉-၂၀၂၅)ရက်တွင် မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ-၃)၊ ၅၇လမ်းနှင့် ၅၈လမ်းကြား၊ ၁၁၃လမ်းနှင့် ၁၁၄လမ်းကြား၊ ဦးကျော်ညိမ်း အမည်ပေါက် ဦးပိုင်အမှတ်(၁၃၂)ဂရန်မြေကွက်၏မြောက်ဘက်ခြမ်း(၁၅ ပေ × ၄၅ ပေ)အကျယ်အဝန်းရှိ မြေကွက်၏ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများအားလုံးနှင့် ဦးပိုင်အမှတ်(၁၃၂)မြေကွက်တို့အား လက်ရောက်နေထိုင်ပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခိုင်စံပယ်မှ လက်ရောက်နေထိုင်ပိုင်ဆိုင်သော ဦးပိုင်အမှတ်(၁၃၂)ဂရန်မြေကွက်၏ မြောက်ဘက်ခြမ်း(၁၅ ပေ × ၄၅ ပေ)အကျယ်အဝန်းရှိ မြေကွက်၊ အဆောက်အအုံနှင့်ပတ်သက်၍ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ တစ်ဆင့်လွှဲပြောင်းယူခြင်း၊ အရှုပ်အရှင်းများတွေ့ရှိခဲ့ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဒေါ်ခိုင်စံပယ်**
**(၉/ခမဇ(နိုင်)၀၁၃၅၃၇)**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြူမာသင်း (LL.B)　ဒေါ်ငြိမ်းငြိမ်းသော် (LL.B)**
**တရားလွှတ်တော်ရှေ့နေများ**
**၃၅လမ်း၊ ၇၄လမ်းနှင့် ၇၅လမ်းကြား၊ အကွက်အမှတ်(၆၇၈)၊ စကြာနွယ်စဉ်ရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ ၀၉-၉၆၉၉၅၀၉၆၈၊ ၀၉-၉၇၈၈၅၇၇၄၆၊ ၀၉-၂၅၆၀၁၄၁၁၄**

### ကြော်ငြာချက်

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင် အောက်ဖော်ပြပါ ဆိုင်ခန်းများသည် ဆိုင်ခန်းအမည်ပြောင်းလျှောက်ထားမည်ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများနှင့်အတူ (၇)ရက်အတွင်း ဈေးနှင့်သားသတ်ဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဆိုင်ခန်းအမည်ပြောင်းလဲခြင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေငြာအပ်ပါသည်။

| စဉ် | ဈေးအမည် | ဆိုင်အမှတ် | မူလအမည်ပေါက် | လွှဲပြောင်းလက်ခံသူအမည် |
|---|---|---|---|---|
| ၁။ | မန်းမြန်မာပလာဇာ | I(ရုံ)၊ ဆိုင်အမှတ်(၂၆) | ဒေါ်မြမြဝင်း ၉/မနမ(နိုင်)၀၄၄၄၁၅ | ဒေါ်နေခြည်ဦး ၉/ခမစ(နိုင်)၀၅၄၀၈၈ |
| ၂။ | အဆင့်မြင့်ဈေးချို | A×H ကြား ကြားခန်း | ဦးပြည့်ဖြိုးအောင် ၉/အမဇ(နိုင်)၀၁၁၂၄၄ | ဦးကိုလေး ၉/အမဇ(နိုင်)၀၀၉၁၆၀ |
| ၃။ | အဆင့်မြင့်ဈေးချို | G(ရုံ)၊ ဆိုင်အမှတ်(၅၁) | ဦးဝင်းမောင် ၉/မရတ(နိုင်)၀၆၃၇၇၃ | ဒေါ်ခင်ပြည့်ဖြိုးဝင်း ၉/မဟမ(နိုင်)၀၀၃၀၈၉ |
| ၄။ | အဆင့်မြင့်ဈေးချို | G(ရုံ)၊ ဆိုင်အမှတ်(၄၉) | ဦးဝင်းမောင် ၉/မရတ(နိုင်)၀၆၃၇၇၃ | ဒေါ်ခင်ဆုပြည့်ဝင်း ၉/မဟမ(နိုင်)၀၀၃၀၈၇ |
| ၅။ | ဈေးချို | (၇)နံပါတ်ရုံ၊ ဆိုင်အမှတ်(၆-က၊ ၈၅နောက်) | ဒေါ်ဝင်းကြည် ၉/မနမ(နိုင်)၀၇၈၉၃၆ | ဒေါ်နော်ပါဆိုဖေး ၁၄/ဘကလ(နိုင်)၂၉၁၇၂၆ |
| ၆။ | ဈေးချို | ထီးတိုင်၊ ဆိုင်အမှတ်(၂၃၃) | ဒေါ်အေးအေးသိန်း ၉/မနတ(နိုင်)၀၀၉၂၀၃ | ဒေါ်ဝင်းသန္တာကြိုင် ၁၂/ဒဂမ(နိုင်)၀၁၂၃၄၀ |
| ၇။ | မန်းမြို့ဈေး | ရုံ(၃)၊ ဆိုင်အမှတ်(၅) | ဒေါ်ချော ၉/မရတ(နိုင်)၀၅၂၅၇၅ | ဦးဇော်မင်းဦး ၉/ခမစ(နိုင်)၀၀၆၁၇၄ |
| ၈။ | မန်းမြို့ဈေး | ရုံ(၆)၊ ဆိုင်အမှတ်(၄/၁၃) | ဦးထွန်းနိုင်ဦး ၉/မနတ(နိုင်)၁၀၁၅၀၆ | ဒေါ်မြတ်ရွှေဇင်မြင့် ၉/မဟမ(နိုင်)၀၀၄၂၅၁ |
| ၉။ | မန်းမြို့ဈေး | ရုံ(၄)၊ ဆိုင်အမှတ်(၁၁) | ဒေါ်ခင်ထွေး ၉/မနတ(နိုင်)၀၁၈၉၂၀ | ဦးကိုကိုဝင်း ၁၂/သဃက(နိုင်)၁၆၂၅၆၀ |
| ၁၀။ | မန်းမြို့ဈေး | ရုံ(၄)၊ ဆိုင်အမှတ်(၁၂) | ဒေါ်စန်း WMDY-၃၂၃၁၁၈ | ဦးကိုကိုဝင်း ၁၂/သဃက(နိုင်)၁၆၂၅၆၀ |
| ၁၁။ | မြရည်နန္ဒာဈေး | (A)ရုံ၊ ဆိုင်အမှတ်(၂၅/၂၆) | ဦးကြူနိုင် ၉/မရမ(နိုင်)၀၈၈၀၄၅ | ဒေါ်နီနီမြင့် ၁၃/မကန(နိုင်)၀၆၇၀၄၂ |
| ၁၂။ | ရတနာပုံ(စ)ဈေး | (E)ရုံ၊ ဆိုင်အမှတ်(၄၁) | ဦးလှိုင်ဘွား ၁၃/လလန(နိုင်)၀၀၅၄၂၂ | ဦးထိန်ဝင်း ၁၂/မဂဒ(နိုင်)၁၂၆၆၀၁ |
| ၁၃။ | ရတနာပုံ(စ)ဈေး | (E)ရုံ၊ ဆိုင်အမှတ်(၃၇) | ဒေါ်ရီမာဦး ၁၂/ကမန(နိုင်)၀၀၄၄၇၄ | ဦးအောင်စိုး ၁၂/ရကန(နိုင်)၀၁၆၆၃၅ |
| ၁၄။ | သီရိမာလာဈေး | ဈေးမျက်နှာပြူ ဆိုင်အမှတ်(၁၁၇) | ဒေါ်ခင်လှ ၉/မနတ(နိုင်)၀၃၉၁၆၄ | ဒေါ်မိုးသူမာ ၉/အမရ(နိုင်)၁၄၆၉၀၂ |
| ၁၅။ | နန်းရတနာဈေး | ရုံ(၁)၊ ဆိုင်အမှတ်(၁၃) | ဦးထူးထူး ၉/အမရ(နိုင်)၀၀၀၈၄၃ | ဒေါ်ယွန်းမီမီဇော် ၉/မတရ(နိုင်)၁၄၄၆၄၆ |
| ၁၆။ | နန်းရတနာဈေး | ရုံ(၂)၊ ဆိုင်အမှတ်(၁၁) | ဒေါ်ခင်ရီ ၉/အမရ(နိုင်)၀၀၉၂၈၈ | ဒေါ်ခင်ဆွေဦး ၉/အမရ(နိုင်)၁၀၈၀၀၃ |
| ၁၇။ | စိန်ပန်းဈေး | ၁ထပ်/ရှေ့ဘက်၊ ဆိုင်အမှတ်(၂၇) | ဦးသောင်းစိန် ၉/မရတ(နိုင်)၀၁၃၃၀၅ | ဒေါ်မော်မော်စန်း ၉/မနတ(နိုင်)၀၀၉၉၃၃ |
| ၁၈။ | ညောင်ပင်ဈေး | အထည်တန်း၊ ဆိုင်အမှတ်(၈၇) | ဦးညို AE-၀၂၆၈၆၈ | ဒေါ်အေးငြိမ်းစံ ၉/မဟမ(နိုင်)၀၁၈၉၅၇ |
| ၁၉။ | ညောင်ပင်ဈေး | အထည်တန်း၊ ဆိုင်အမှတ်(၈၈) | ဒေါ်ငွေစိန် AE-၂၂၅၂၈၄ | ဒေါ်အေးငြိမ်းစံ ၉/မဟမ(နိုင်)၀၁၈၉၅၇ |
| ၂၀။ | ညောင်ပင်ဈေး | အထည်တန်း၊ ဆိုင်အမှတ်(၈၉) | ဒေါ်သန်းသန်းနု MDYNW-၀၀၅၄၁၉ | ဒေါ်အေးငြိမ်းစံ ၉/မဟမ(နိုင်)၀၁၈၉၅၇ |
| ၂၁။ | ညောင်ပင်ဈေး | အထည်တန်း၊ ဆိုင်အမှတ်(၉၀) | ဒေါ်အေးမှန် DQ-၁၁၄၇၈၅ | ဒေါ်အေးငြိမ်းစံ ၉/မဟမ(နိုင်)၀၁၈၉၅၇ |
| ၂၂။ | ညောင်ပင်ဈေး | အထည်တန်း၊ ဆိုင်အမှတ်(၁၀၃)၊ | ဒေါ်သက် ၉/မနတ(နိုင်)၀၃၂၇၆၄ | ဦးအောင်ကိုဇော် ၉/မနမ(နိုင်)၁၂၁၃၀၆ |
| ၂၃။ | ညောင်ပင်ဈေး | အထည်တန်း၊ ဆိုင်အမှတ်(၁၀၄) | ဦးဝင်းတင် WAW-၀၉၈၅၃၈ | ဦးအောင်ကိုဇော် ၉/မနမ(နိုင်)၁၂၁၃၀၆ |

**ဌာနမှူး၊ ဈေးနှင့်သားသတ်ဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၅)ရပ်ကွက်၊ အကွက်အမှတ်(က-၁)၊ ဦးပိုင်အမှတ်(၉၄-ခ/၂၀)၊ ဧရိယာ(၀ ဒသမ ၀၄၁၃)ဧကရှိ ဦးအောင်မြတ် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်သူထံမှ အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသည်ဟု အဆိုပြုသူ ရွှေချမ်းသာကုမ္ပဏီလီမိတက်၏မန်နေးဂျင်းဒါရိုက်တာ ဦးသန့်ဇင်(ဘ)ဦးပိုက်ထွေး(၈/ရစက(နိုင်)၁၃၇၇၅၄)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဖိုးမာ(LL.B)　ဒေါ်ခင်သန္တာထူး(LL.B)　ဒေါ်နှင်းယုလှိုင်(LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေများ**
**ဒေါ်ယဉ်မွန်အိ(LL.B) အထက်တန်းရှေ့နေ**
**'အောင်ထူးထူး' ဥပဒေအကျိုးဆောင်ရုံးခန်း**
**၃၄လမ်းနှင့် ၆၃လမ်းထောင့်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ➤ ၀၉-၅၁၂၃၈၉၃**

### အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၅၅၉)၊ ဦးပိုင်အမှတ်(၉)၊ ဧရိယာ(၀ ဒသမ ၀၄၃၀)အကျယ်အဝန်းရှိ ဘိုးဘပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ အပါအဝင် နေထိုင်ပိုင်ဆိုင် အသုံးချ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိတရားဝင် အမည်ပေါက်ပိုင်ဆိုင် အသုံးပြုလျက်ရှိပါသည်ဟု ဝန်ခံကတိပြုသူ ဒေါ်တင်တင်ဝင်း(၉/မရမ(နိုင်)၀၄၆၃၉၉)က ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများပြသပြီး အဆုံးအပိုင် လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးစရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားပြ စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စအပါအဝင် မြေနှင့်ပတ်သက်သော လျှောက်ထားမှုအဆင့်ဆင့်များ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိရှိစေရန် ကြေညာပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ခိုင် (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၇၁၇၅)**
**၆၄လမ်း၊ မြို့သစ်(၃)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ➤ ၀၉-၂၅၉၂၀၄၇၅၇၊ ၀၉-၂၀၁၃၃၁၄**

### အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ငွေတောင်ကျေးရွာအုပ်စုအတွင်းမှ မန္တလေး-ပြင်ဦးလွင်လမ်းမေးတင်ရှိ (ယုံရှင်း+တိုင်းရင်းသား)ကျောက်စားပွဲထုတ်လုပ်ဖြန့်ချိရေးလုပ်ငန်းနှင့် ယင်းလုပ်ငန်းများတည်ရှိသော (လယ် + အခြားနည်းလျှောက်ထားဆဲ)စုစုပေါင်းမြေအကျယ် (၃ ဒသမ ၅)ဧကခန့် မြေကွက်များသည် ဦးအိုက်မောင် အမည်ပေါက်လျက်ရှိသော မြေကွက်များနှင့် လုပ်ငန်းဖြစ်ပါသည်။ ဦးအိုက်မောင်နှင့်ဇနီး ဒေါ်အေးကမ်တို့ ကွယ်လွန်ပြီးနောက် ၎င်းတို့၏ အမွေဆက်ခံသားသမီးများဖြစ်သော (၁)ဒေါ်အေးလှုံ၊ (၂)ဦးအိုက်စိုင်း၊ (၃)ဦးစိုင်းအောင်တို့ မသိရှိဘဲ အဆိုပါမြေကွက်များနှင့် လုပ်ငန်းအား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်လှူဒါန်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် အလွဲအသုံးပြုခြင်းများ မပြုလုပ်ပါရန် တားမြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ခိုင် (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၇၁၇၅)**
**၆၄လမ်း၊ မြို့သစ်(၃)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ➤ ၀၉-၂၅၉၂၀၄၇၅၇**

## အများသိစေရန် ကြော်ငြာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၁၀)၊ ဦးပိုင်အမှတ်(၁၈)ရှိ အရှေ့ဘက်ခြမ်း ဧရိယာ(၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ ဦးထွန်းရီ(ဘ)ဦးလွင်ကြည် အမည်ဖြင့် ချထားပေးသော မြေကွက်အတွင်းမှ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်(၁)ထပ် အဆောက်အအုံ ရေ+မီးအပါအဝင် ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူကာ တရားဝင်လက်ရှိလက်ရောက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးအောင်ခင်(၉/မတရ(နိုင်)၀၄၅၉၃၀)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဒေါ်လှိုင်မိုးထက်ထက်ထူး (LL.B)**
**အထက်တန်းရှေ့နေ**
**၄၅လမ်းနှင့်၄၆လမ်းကြား၊ ၁၀၈(ဘီ)လမ်း၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၅၆၁၁၈၈၇၆**

## အများသိစေရန် အသိပေးကြော်ငြာခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၅၅၉)၊ ဦးပိုင်အမှတ်(၄၃-က)၊ ဧရိယာ(၀ ဒသမ ၀၄၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူများဟု အဆိုပြုသူများဖြစ်ကြသော ၁။ ဒေါ်မြင့်စိန်(ခ)ဒေါ်တင်တင်နု(ဘ)ဦးအောင်စိန်(ခ)ကျန်ကျင်ဟင်(၉/မရမ(နိုင်)၀၈၀၉၁၇)နှင့် ၂။ ဒေါ်နုနုလင်း(ဘ)ဦးထွန်းခိုင်(၉/ခအဇ(နိုင်)၀၀၀၄၁၄)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လက်ရောက် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ဦးလှဘုန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**

| | | | | |
|---|---|---|---|---|
| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဦးဝင်းမောင် |
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

**အမှတ်(အေ-၁)၊ ၆၇လမ်း၊ ၃၁အေလမ်းနှင့်၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇**

## မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်၊ ကဥ္စဏမဟီရပ်၊ အကွက်အမှတ်(၆၂၆)၊ ဦးပိုင်အမှတ်(၃၆-ဃ)နှင့် ဦးပိုင်(၅၅-ခ) မြေ(၂)ကွက်နှင့်ပတ်သက်၍ မေဃဂီရိရပ်ကွက်၊ ၁၆လမ်းနေ ဦးစိုင်းလုံ(၁၃/တကန(နိုင်)၁၀၁၈၆၅)နှင့် အများသိစေရန် ကြော်ငြာခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ကဥ္စဏမဟီရပ်၊ အကွက်အမှတ်(၆၂၆)၊ ဦးပိုင်အမှတ်(၃၆-ဃ)၊ (၅၅-ခ)နှင့် (၅၄)ဘိုးဘပိုင်မြေ (၃)ကွက်တို့သည် လွန်ခဲ့သောနှစ်ပေါင်း (၆၀)ကျော်မှစ၍ ကျွန်ုပ်တို့မိတ်ဆွေများ၏ဖခင် ဦးကျော်သန်းသည် မှတ်ပုံတင်စာချုပ်၊ ကြော်ငြာစာချုပ်တို့ဖြင့် ဝယ်ယူ၍ ယနေ့အချိန်ထိ တစ်ဆက်တည်းလက်ရှိနေထိုင်လာသည့် မြေကွက်များဖြစ်ပါသည်။ အဆိုပါမြေကွက်များကို ဝယ်ယူခဲ့သည့် မှတ်ပုံတင်စာချုပ်အမှတ်-၅၁၉/၁၉၆၇နှင့် ကြော်ငြာစာချုပ်အမှတ်-၂၈၁၁/၁၉၉၅တို့၏ မူရင်းများမှာလည်း ကျွန်ုပ်တို့မိတ်ဆွေများ၏ လက်ဝယ်တွင်ရှိပါသည်။ မည်သူ့ကိုမျှ လက်ရောက်ပေးအပ် လွှဲပြောင်းရောင်းချခဲ့ခြင်းမရှိပါ။ ကျွန်ုပ်တို့မိတ်ဆွေများ၏ ဖခင်ဦးကျော်သန်းမှာ ယခုအခါတွင် အသက် (၉၃)နှစ်အရွယ်ရှိပြီး ၂၀၁၇ ခုနှစ်ကတည်းက သတိသမ္ပဇဉ်ကောင်းမွန်ခြင်းမရှိတော့သဖြင့် သားသမီးများဖြစ်ကြသော ကျွန်ုပ်တို့ မိတ်ဆွေတို့က ဖခင်ကြီးကိုယ်စား ဤကြော်ငြာချက်ကို ကြော်ငြာခြင်းဖြစ်ပါသည်။

ကျွန်ုပ်တို့မိတ်ဆွေတို့ဖခင်ဦးကျော်သန်းသည် လွန်ခဲ့သော နှစ်ပေါင်း(၆၀)ကျော်မှစ၍ ဝယ်ယူပိုင်ဆိုင် လက်ရှိနေထိုင်သည့် မြေကွက်များကို ဦးစိုင်းလုံနှင့် ဇနီးဒေါ်အေးအေးသန့်တို့က မန္တလေးခရိုင်တရားရုံး၊ ၂၀၁၈ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၁တွင် 'ဘိုးဘပိုင်မြေကို မှတ်ပုံတင်စာချုပ်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု' စွဲဆိုခဲ့ပါသည်။ ထိုသို့ မြွက်ဟကြေညာပေးစေလိုမှုသက်သက်စွဲဆိုသည့်မြေများမှာ ဦးစိုင်းလုံတို့ လက်ရှိလုံးဝမဟုတ်ပါ။ ကျွန်ုပ်တို့မိတ်ဆွေများ မိသားစုသာ အစဉ်တစိုက်လက်ရှိဖြစ်ခဲ့သည့် မြေဖြစ်ပါသည်။ အဆိုပါအမှုကို ခရိုင်တရားရုံးက စရိတ်နှင့်တကွ ပလပ်ခဲ့ပါသည်။ အဆိုပါ စီရင်ချက်နှင့်ဒီကရီကို ဦးစိုင်းလုံတို့က မကျေနပ်၍ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၊ ၂၀၁၈ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ်-၂၂၃ တွင် အယူခံတက်ရောက်သောအခါ တိုင်းဒေသကြီးတရားလွှတ်တော်က ဦးစိုင်းလုံတို့စွဲဆိုသည့်အတိုင်း မြွက်ဟကြေညာပေးသည့်ဒီကရီကို (၂၈-၈-၂၀၂၀)ရက်က ချမှတ်ပေးခဲ့ပါသည်။ ထိုသို့ ဒီကရီချမှတ်ပေးခဲ့သော်လည်း ဦးစိုင်းလုံတို့ တရားစွဲဆိုခဲ့သည့်မြေ (၂)ကွက်မှာ ကျွန်ုပ်မိတ်ဆွေတို့မိသားစုသာ အစဉ်တစိုက်လက်ရှိနေထိုင်ခြင်းကို မျက်ကွယ်ပြု၍ ဒီကရီချမှတ်ပေးထားခြင်းဖြစ်ပါသည်။ သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ-၄၂၏ ပြဋ္ဌာန်းချက်အရ တရားလိုသည် လက်မဲ့ဖြစ်သော မြေနှင့်ပတ်သက်၍ ပိုင်ဆိုင်ခွင့်ရှိကြောင်း မြွက်ဟကြေညာချက်သက်သက်ကို တရားစွဲဆိုခွင့်မရှိသည့်အချက်ကို သိစေလိုပါသည်။ ထို့ကြောင့်လည်း ဦးစိုင်းလုံတို့သည် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၊ ၂၀၁၈ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ်-၂၂၃တွင် ချမှတ်ခဲ့သည့် စီရင်ချက်နှင့် ဒီကရီကို ယနေ့အချိန်ထိ ဇာရီမှုဖွင့်လှစ်ဆောင်ရွက်ခွင့်မရှိသဖြင့် ဇာရီမှုဖွင့်လှစ်ဆောင်ရွက်ခဲ့ခြင်းလုံးဝမရှိပါ။

ထို့ပြင် ကျွန်ုပ်မိတ်ဆွေတို့မိသားစု လက်ရှိနေသော မြေကွက်ကို ဦးစိုင်းလုံတို့က အထက်တွင် ဖော်ပြထားသည့် တိုင်းဒေသကြီးတရားလွှတ်တော်၏ စီရင်ချက်နှင့်ဒီကရီအရ လက်ရောက်ရခဲ့ခြင်းမရှိဘဲ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မြေယာဌာန၌ ဥပဒေမဲ့ အမည်ပေါက်များ လျှောက်ထားရယူပြီးနောက် ပိုင်ဆိုင်မှုစာအုပ်များ ထုတ်ယူထားကြောင်း သိရှိရသဖြင့် အဆိုပါကိစ္စနှင့်ပတ်သက်၍လည်း သက်ဆိုင်ရာသို့ အရေးယူပေးရန် တိုင်တန်းထားပြီးဖြစ်ပါသည်။ အထက်တွင်ဖော်ပြထားချက်များအရ ကျွန်ုပ်မိတ်ဆွေတို့ လက်ရှိနေသော မြေ(၂)ကွက်ကို မန္တလေးခရိုင်တရားရုံးတွင် တရားစွဲဆိုပြီးနောက် တိုင်းဒေသကြီးတရားလွှတ်တော်၌ အနိုင်ဒီကရီရယူထားခြင်း၊ ဥပဒေမဲ့အမည်ပေါက်ပြုလုပ်ပြီးနောက် အမည်ပေါက်စာအုပ်များ ရယူထားခြင်းတို့သည် မှန်ကန်မှုမရှိကြောင်း ထင်ရှားပါသည်။ ဦးစိုင်းလုံတို့က ကျွန်ုပ်မိတ်ဆွေတို့ လက်ရှိနေသည့် မြေ(၂)ကွက်နှင့်ပတ်သက်၍ ဒေါ်သန်းသန်းမြင့်နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်များချုပ်ဆိုထားခြင်း၊ ထို့နောက် မြေကွက်များကို လက်ရှိမဟုတ်ဘဲ မြွက်ဟကြေညာပေးသည့် ဒီကရီသက်သက်ကို ရယူထားခြင်းနှင့် လက်ရှိမဟုတ်သောမြေကွက်များကို ဥပဒေမဲ့အမည်ဖောက်ထားခြင်းတို့ကြောင့် ထိုသို့ ပြုလုပ်ထားမှုများအပေါ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဝန်ကြီးချုပ်၊ မြို့တော်ဝန်တို့ထံ အသီးသီးတိုင်ကြားထားပါသည်။ ထိုသို့ တိုင်ကြားထားသည့် အချက်များနှင့်ပတ်သက်၍ ၎င်းတို့အပေါ် ထိထိရောက်ရောက်အရေးယူဆောင်ရွက်ခြင်းမရှိသဖြင့် ဦးစိုင်းလုံတို့က အတင့်ရဲလာပြီး (၁၃-၁၁-၂၀၂၅)ရက်တွင် ကျွန်ုပ်မိတ်ဆွေတို့ လက်ရှိနေသော မြေကွက်များ၌ ကာရံထားသောအုတ်တံတိုင်းများကို လူစုလူဝေးဖြင့် ဖျက်ဆီး၍ အုတ်တံတိုင်းကာရံရန် ဆောင်ရွက်လာသဖြင့် ကျွန်ုပ်မိတ်ဆွေတို့က မဟာအောင်မြေခရိုင် စီမံအုပ်ချုပ်မှုကောင်စီဥက္ကဋ္ဌထံ အရေးယူပေးရန် ဓာတ်ပုံအထောက်အထားများဖြင့် တင်ပြတိုင်ကြားပြီးဖြစ်ပါသည်။

ထို့ကြောင့် လွန်ခဲ့သောနှစ်ပေါင်း (၆၀)ကျော်မှ ကျွန်ုပ်မိတ်ဆွေတို့မိသားစု လက်ရှိနေထိုင်လာသော မြေကွက်များနှင့်ပတ်သက်၍ ဦးစိုင်းလုံနှင့်အပေါင်းအပါတို့က နောက်နောင်တွင် ဥပဒေမဲ့ ဝင်ရောက်ကျူးကျော်ရန် ပြုလုပ်မှုများကို မပြုလုပ်ရန်နှင့် ဥပဒေမဲ့ပြုလုပ်မှုများအပေါ် တိုင်ကြားအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးစိုင်းလုံနှင့် အများသိစေရန် ကြော်ငြာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားသူများ –**
**(၁) ဒေါ်သီတာအေး (ဘ-ဦးကျော်သန်း)**
**(၉/မရမ(နိုင်)၀၄၁၂၇၆)**
**(၂) ဦးကျော်စိုးလှိုင် (ဘ-ဦးကျော်သန်း)**
**(၉/မရမ(နိုင်)၀၁၆၇၇၁)**

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးကျော်ညွန့်(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်စဉ်-၃၅၈၉(၂၆-၂-၈၆)**

**ဒေါ်လွင်မာဌေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်စဉ်-၁၃၄၄၃(၂၈-၉-၂၀၁၇)**
**ဖုန်း ၀၉-၄၀၂၇၇၈၅၆၃**

**၃၈-အေလမ်း၊ ၆၆လမ်းနှင့်၆၇လမ်းကြား၊**
**မဟာမြိုင်ရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၇၉၇၇၃၉၆၅၆**

❖ နိုင်ငံတစ်ခုရပ်တည်နိုင်ရေးအတွက် စီးပွားရေးသည် အဓိက အခရာကျသည့် အချက်ဖြစ် ...

❖ စီးပွားရေးအားကောင်းမွန်မှသာလျှင် နိုင်ငံရေးအားသည်လည်း ကောင်းမွန်လာမည်ဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ် ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်အုပ်ချုပ်ရေးကောင်စီဂုဏ်ပြုတွေ့ဆုံပွဲအခမ်းအနားတွင် ပြောကြားသောအမှာစကားမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# KK Park နယ်မြေနှင့် ရွှေကုက္ကိုလ်နယ်မြေတို့အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများနှင့် ဒုစရိုက်မှုများ ကျူးလွန်နေကြသူများအား အဖွဲ့စုံပါဝင်သည့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့များဖြင့် ဆက်လက်ရှင်းလင်းဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၀

မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကိုအန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားတိုက်ဖျက်ဆောင်ရွက်လျက်ရှိသည်။

အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူအများစုသည် ၂၀၂၁ ခုနှစ်နောက်ပိုင်းတွင် တိုက်ပွဲများဖြစ်ပွားလျက်ရှိသော မြဝတီမြို့နှင့် အလှမ်းဝေးကွာသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများသို့ အိမ်နီးချင်းနိုင်ငံများမှတစ်ဆင့် ဖြတ်ကျော်ဝင်ရောက်လာကြခြင်းဖြစ်သည်။ အဆိုပါနယ်မြေများသည် တိုင်းရင်းသားလက်နက်ကိုင် EAOs၊ KNU၊ KNLA အဖွဲ့များ၊ NCA စာချုပ်လက်မှတ်ရေးထိုးထားသည့် EAO အဖွဲ့အချို့နှင့် နယ်ခြားစောင့်တပ်ဖွဲ့၊ အမည်ခံတပ်ဖွဲ့များ ဝင်ရောက်လုပ်ကိုင်နေကြသော နယ်မြေများဖြစ်ပြီး ကိုယ်ကျိုးရှာစီးပွားရေးသမားများသည် ၎င်းအဖွဲ့များနှင့် ချိတ်ဆက်၍ အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို ကျူးလွန်နေကြခြင်းဖြစ်သည်။ သို့ဖြစ်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် မြဝတီမြို့နှင့်အနီးဝန်းကျင်နေရာများတွင် နယ်မြေစိုးမိုးရေးနှင့် နယ်မြေရှင်းလင်းရေး

*စာမျက်နှာ ၁၄ သို့* ❖



KK Park နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးနေပုံများကို တွေ့ရစဉ်။

## အာရှဖလားခြေစစ်ပွဲ U-17 အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု G ပွဲစဉ် MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် နိုဝင်ဘာ ၂၀

၂၀၂၆ ခုနှစ် အာရှဖလားခြေစစ်ပွဲ U-17 အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု G ပွဲစဉ်များကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် နိုဝင်ဘာ ၂၂ ရက်မှ ၃၀ ရက်အထိ လက်ခံကျင်းပမည်ဖြစ်ရာ နိုဝင်ဘာ ၂၂ ရက် ညနေ ၄ နာရီတွင် မြန်မာ U-17 အမျိုးသားဘောလုံးအသင်းနှင့် အာဖဂန်နစ္စတန်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

အဆိုပါပွဲစဉ်ကို ယင်းနေ့ ညနေ ၃ နာရီ ၄၅ မိနစ်မှစတင်၍ MRTV HD Channel၊ MRTV Entertainment Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက် (Live)ထုတ်လွှင့်ပြသမည်ဖြစ်သည်။ သတင်းစဉ်

## မွန်ညီညွတ်ရေးပါတီနှင့် လူမှုစီးပွားမြှင့်တင်ရေးပါတီ (Social Economic Promotion Party)တို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ ဖော်ပြပါရှိ

နေပြည်တော် နိုဝင်ဘာ ၂၀

မွန်ညီညွတ်ရေးပါတီနှင့် လူမှုစီးပွားမြှင့်တင်ရေးပါတီ(Social Economic Promotion Party) တို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ မန္တလေးနေ့စဉ်သတင်းစာ စာမျက်နှာ ၉ နှင့် ၁၀ တို့တွင် ဖော်ပြပါရှိပါသည်။

မန္တလေးနေ့စဉ်

## ၂၀၂၅ခုနှစ်အတွက် အာဖရိကတစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ဟာကီမီဆွတ်ခူး

**လန်ဒန် နိုဝင်ဘာ ၂၀**

၂၀၂၅ခုနှစ်အတွက် အာဖရိကတစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို မော်ရိုကို လက်ရွေးစင်အသင်းနှင့် ပီအက်စ်ဂျီအသင်း နောက်ခံကစားသမား ဟာကီမီက ဆာလာနှင့် အိုဆင်မန်တို့အား ကျော်ဖြတ်ပြီး ထိုက်ထိုက်တန်တန် ဆွတ်ခူးနိုင်ခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် ပြီးခဲ့သည့် ဘောလုံးရာသီက ပီအက်စ်ဂျီအသင်းနှင့်အတူ ချန်ပီယံလိဂ်ဖလားအပါအဝင်၊ ဆုဖလား ငါးလုံးထိ ဆွတ်ခူးရရှိအောင် စွမ်းဆောင်နိုင်သည့်အပြင်၊ မော်ရိုကိုအသင်းအား ၂၀၂၆ ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်မြင်အောင် အကောင်းဆုံး ပံ့ပိုးကူညီနိုင်ခြင်းကြောင့် ယခုဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

နောက်ခံကစားသမား ဟာကီမီသည် ကစားသမားဘဝ တစ်လျှောက်တွင် ပထမဆုံးအကြိမ်အဖြစ် အာဖရိကတစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အသက်(၂၇)နှစ်အရွယ်ရှိ ဟာကီမီက 'ကျွန်တော် အခုလို အာဖရိကတစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ကျွန်တော်အခုလို ဆုရရှိတာကလည်း အသင်းဖော်တွေရဲ့ ပံ့ပိုးကူညီမှုကြောင့်ပါ။ နောက်ထပ်လည်း ယခုလိုဆုတွေထပ်မံ ဆွတ်ခူးဖို့ ဆက်လက်ကြိုးစားသွားမှာပါ'ဟု ပြောသည်။

(NGB)

